မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ရက်၊ ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာ ၂ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၉)၊ အမှတ် (၃၃)

တန်ဆောင်မုန်းလပြည့် (သာမညဖလအခါတော်နေ့)

ကသိုလ်ပုညပြုကြသူများဖြင့် စည်ကား

နေပြည်တော် နိုဝင်ဘာ ၁

ယနေ့သည် တန်ဆောင်မုန်းလပြည့် (သာမညဖလအခါတော်နေ့)ဖြစ်သည်။ ယခင်က ရာသီပွဲတော်မှာ နက္ခတ်သဘင်ပွဲတော်ဖြစ်ခဲ့သော်လည်း ထေရဝါဒ ဗုဒ္ဓသာသနာတော်၏ အဆုံးအမနှင့်အညီ သံဃာတော်နေ့အခါတော်(သာမညဖလ)နှင့် ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းသည့် ကထိန်ပွဲတော်များအဖြစ် အနှစ်သာရပြည့်ဝစွာ ဆင်ယင်ကျင်းပသည့် ရာသီပွဲတော်နေ့ ဖြစ်သည်။ ထို့ကြောင့်ယနေ့တွင် နေပြည်တော်တစ်ခွင်၌ တန်ဆောင်မာသ အခါသမယပွဲတော်များ ခြိမ့်ခြိမ့်သဲသဲ ကျင်းပလျက်ရှိသည်။

စာမျက်နှာ ၃ ကော်လံ ၁

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်

ပထမအကြိမ် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်မည်

နေပြည်တော် နိုဝင်ဘာ ၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဂျပန်နိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပမည့် ပထမအကြိမ် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် မကြာမီအတွင်း ဂျပန်နိုင်ငံသို့ သွားရောက်မည်ဖြစ်သည်။ (သတင်းစဉ်)

ဥပ္ပါတသန္တိစေတီတော်

တန်ဆောင်မုန်းလပြည့် (သာမညဖလအခါတော်နေ့)တွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိစဉ်။ (သတင်းစဉ်)

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေး ယနေ့အချိန်အခါတွင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ ကြိုးပမ်းနေ

တည်ငြိမ်အေးချမ်းမှုအခြေအနေကောင်းများ၊ ဖွံ့ဖြိုးမှုရလဒ်ကောင်းများကို မျှော်မှန်းကြိုးပမ်းရာတွင် တိုင်းရင်းသားအကြား ခိုင်မာသည့် အမျိုးသားစည်းလုံးညီညွတ်မှုတည်ဆောက်ရေးသည် အဓိကလိုအပ်ချက်ဖြစ်

နေပြည်တော် နိုဝင်ဘာ ၁

(၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပါဝင်အကဲဖြတ် အမှတ်ပေးခဲ့ကြသော အကဲဖြတ်ပညာရှင်များနှင့် ကြီးကြပ်အုပ်ချုပ်သူများအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို အောက်တိုဘာ ၃၁ရက် ညနေပိုင်းတွင် နေပြည်တော်မြို့တော်ခန်းမ၌ ကျင်းပရာ (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ စာရင်းစစ်ချုပ်နှင့် ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး

စာမျက်နှာ ၇ ကော်လံ ၁

(၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ကျင်းပရေးနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပါဝင်အကဲဖြတ် အမှတ်ပေးခဲ့ကြသော အကဲဖြတ်ပညာရှင်များနှင့် ကြီးကြပ်အုပ်ချုပ်သူများအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ခုနှစ် နိုဝင်ဘာ ၂ ရက်)

မူးယစ်ဆေးဝါး မြန်မာ့မြေမှ လုံးဝကင်းစင်ပပျောက်ရေး အရှိန်အဟုန်မြှင့် ဝိုင်းဝန်းကြိုးပမ်းတိုက်ဖျက်

ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁) ကိုးကန့်နယ်မြေအတွင်း ဖမ်းဆီးရမိ မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်းများ မီးရှို့ဖျက်ဆီးသည့် အခမ်းအနားကို အောက်တိုဘာလ ၃၁ရက်နေ့က ကိုးကန့်ဒေသ လောက်ကိုင်မြို့ရှိ ကိုးကန့်မူးယစ်ဆေးဝါးပပျောက်ရေး ပြတိုက်ဝင်း၌ ကျင်းပခဲ့သည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့သည် နိုင်ငံတစ်ဝန်းဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးသည့် အခမ်းအနားများကို ပြည်နယ်နှင့်တိုင်းများတွင်လည်းကောင်း၊ ရန်ကုန်မြို့တွင်လည်းကောင်း အခါအားလျော်စွာ ကျင်းပခဲ့သည်။

ပြည်နယ်နှင့်တိုင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိသည့် ဒေသများ၌ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးမှုကို (၄၆)ကြိမ်ကျင်းပခဲ့ရာတွင် ကိုးကန့်ဒေသ လောက်ကိုင်၌ ၁၉၉၁၊ ၁၉၉၃၊ ၁၉၉၆၊ ၁၉၉၇ ခုနှစ်နှင့် ၂၀၀၂ခုနှစ်များတွင် (၅)ကြိမ် ကျင်းပခဲ့ပြီးဖြစ်သည်။ ရန်ကုန်မြို့တွင် ၂၀၀၆ခုနှစ်အထိ အကြိမ်(၂၀) ကျင်းပခဲ့ပြီးဖြစ်သည်။

ယခုမီးရှို့ဖျက်ဆီးခဲ့သည့် မူးယစ်ဆေးဝါး၊ စိတ်ကြွဆေးနှင့် ဆက်စပ်ပစ္စည်းများသည် ယခုနှစ် ဩဂုတ်လအတွင်း လောက်ကိုင်ဒေသ၌ ဖြစ်ပျက်ခဲ့သော ထူးခြားဖြစ်စဉ်နောက်ပိုင်း အချိန်တိုအတွင်း ဖမ်းဆီးရမိသည့် ပစ္စည်းများဖြစ်သည်။ ဖမ်းဆီးရမိ မီးရှို့ဖျက်ဆီးသည့် မူးယစ်ဆေးဝါး ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်း စုစုပေါင်းတန်ဖိုးသည် မြန်မာကျပ်ငွေ ၂၀ဘီလီယံကျော် (အမေရိကန်ဒေါ်လာ သန်း၂၀ကျော်)ရှိသည်။

နိုင်ငံတော်အစိုးရသည် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းကြီးကို အမျိုးသားရေးတာဝန်အဖြစ်ခံယူပြီး နိုင်ငံတွင်းရှိ သယံဇာတအရင်းအမြစ်များပေါ်တွင် အခြေပြုပြီး စွမ်းအားပြည့် ကြိုးပမ်းဆောင်ရွက်ရာ၌ မဟာဗျူဟာနှစ်ရပ်၊ နည်းဗျူဟာသုံးရပ် ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

ယခုအခါ (၁၅)နှစ်စီမံကိန်း၏ ဒုတိယငါးနှစ်ပိုင်းနောက်ဆုံးသို့ ရောက်ရှိနေပြီဖြစ်ရာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းစဉ် အတော်ပင် ခရီးရောက်လျက်ရှိပြီ ဖြစ်သည်။ နိုင်ငံတော်အစိုးရသည် မူးယစ်ဆေးဝါးထုတ်လုပ်မှုပပျောက်ရေး၊ တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်သကဲ့သို့ တစ်ဖက်တွင်လည်း သုံးစွဲမှုပပျောက်ရေးကဏ္ဍကို နိုင်ငံတစ်ဝန်း အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် UNODC က ချမှတ်ထားသည့် "မူးယစ်ဆေး လွှမ်းမိုး စိုးမိုးနေရင် မင်းဘဝ၊ မင်းမိသားစု၊ မင်းပတ်ဝန်းကျင် မလုံခြုံပါ"ဆောင်ပုဒ်နှင့်အညီ လူငယ်ထုအတွင်း မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ပညာပေးရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသားပြည်သူများက မူးယစ်ဆေးဝါး မြန်မာ့မြေမှ လုံးဝကင်းစင်ပပျောက်ရေးအတွက် ပါဝင်လက်တွဲ တိုက်ဖျက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂-၁၁-၂၀၀၉ (တနင်္လာနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ရတနသုတ်
၅:၁၅	MRTV-4 သတင်း
၆:၀၀	**ဗျာသနတရားငါးပါး** တရားတော် (ဆရာတော်ဘဒ္ဒန္တသောဘဏ)
၇:၀၀	MRTV-4 သတင်း
၇:၄၅	MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **သဲလွန်စများ** (အပိုင်း-၈)
၈:၃၀	Premier League Highlight (Match 11)
၈:၅၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၉:၂၀	သမထကျင့်စဉ်လမ်းဆက်ထွင် ဝိပဿနာမဂ္ဂင်
၉:၃၀	Global Panorama (ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀:၃၀	Activities in the City (တောင်ကိုရီးယားသာသနာပြုကျောင်းဆောင်သစ်ရေစက်ချ လှူဒါန်းပွဲ)
၁၀:၄၅	International Show Biz
၁၁:၀၅	Make in a Delicious Way (တရုတ်တိုင်ပေမြို့မှ စွဲမက်ဖွယ်ရာ အစားအသောက်များအကြောင်း)
၁၁:၂၅	မုဒိတာပွားအလင်းစွမ်းအား ပြုံးပန်းလှိုင်ဝေစကားဝါမြေ (အပိုင်း-၁)
၁၁:၅၅	Zaw Win Htut Emperor 25th Anniversary အကြိုရင်ခုန်သံများ
၁၂:၀၅	Victoria နှင့် နေရာအနှံ့
၁၂:၃၀	စာအုပ်ပြခန်း (စာရေးဆရာ ဒါရိုက်တာ တင်သန်းဦး ရေးသားသော ဝမ်းတွင်းစုန်း)
၁:၀၀	**ဗျာသနတရားငါးပါး** တရားတော် (ဆရာတော်ဘဒ္ဒန္တသောဘဏ)
၂:၀၀	MRTV-4 သတင်း
၂:၄၅	**မက်မဆုံးတဲ့ပြက်လုံးများ** ဇော်၊ ဗေဒါ၊ ဆင်မ၊ စိုပြေ
၃:၂၀	ဆန်းသစ်တီထွင်လာသော မြန်မာ့ရုပ်သေးအကများ
၃:၃၀	Say it in English
၃:၄၅	**အသိစိတ်ကလေးအရင်းတည်၍** ဖြိုးငွေစိုး၊ ထက်ရှား၊ မိုးပြည့်ပြည့်မောင် (ဒါရိုက်တာ-ကြည်စိုး)
၄:၀၀	စတိုင်ကျလှပစေတာ Art & T8 မှာ
၄:၂၀	Victoria နှင့် နေရာအနှံ့
၄:၃၅	Activities in the City (တောင်ကိုရီးယားသာသနာပြုကျောင်းဆောင်သစ်ရေစက်ချ လှူဒါန်းပွဲ)
၄:၅၀	တေးဂီတအစီအစဉ်
၅:၀၅	မုဒိတာပွားအလင်းစွမ်းအား ပြုံးပန်းလှိုင်ဝေစကားဝါမြေ (အပိုင်း-၁)
၅:၃၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၆:၀၀	MRTV-4 သတင်း
၆:၂၀	Zaw Win Htut Emperor 25th Anniversary အကြိုရင်ခုန်သံများ
၆:၃၅	အနုပညာမိုးကောင်ကင်
၇:၀၀	ကိုယ်ပိုင်ဟန်ဖက်ရှင် (အိတ်၊ ခေါင်းအုံးပြုလုပ်ပုံ)
၇:၁၅	Mega Star Talk (ခင်မောင်တိုးနှင့် တွေ့ဆုံခြင်း) (အပိုင်း-၁)
၇:၄၀	Make in a Delicious Way (တရုတ်တိုင်ပေမြို့မှ စွဲမက်ဖွယ်ရာ အစားအသောက်များအကြောင်း)
၈:၀၀	MRTV-4 သတင်း
၈:၃၀	**မက်မဆုံးတဲ့ပြက်လုံးများ** ဇော်၊ ဗေဒါ၊ ဆင်မ၊ စိုပြေ
၉:၀၅	အနုပညာမိုးကောင်းကင်
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **သဲလွန်စများ** (အပိုင်း-၈)
၁၀:၀၀	ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁၁:၄၅	စတိုင်ကျလှပစေတာ Art & T8 မှာ
၁၂:၀၅	နာတာရှည်ကျောက်ကပ်ရောဂါနှင့် သွေးတိုးရောဂါ (ပါမောက္ခဒေါက်တာစောနောင်)
၁၂:၂၀	Music Talk (မိဘမေတ္တာ)
၁၂:၃၀	စက်မှုလယ်ယာထုတ်လယ်ယာသုံး စက်ကိရိယာစွမ်းရည်ပြပွဲ
၁၂:၅၀	စာအုပ်ပြခန်း (စာရေးဆရာ ဒါရိုက်တာ တင်သန်းဦး ရေးသားသော ဝမ်းတွင်းစုန်း)
၁:၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြဝတီရုပ်မြင်သံကြား

၂-၁၁-၂၀၀၉ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ တရားတော်
၇:၁၀	၃။ ဓမ္မပူဇာတေး
၇:၂၀	၄။ မျိုးချစ်တပ်မတော်
၇:၂၅	၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၉။ အမျိုးသားရေးတေးကဗျာ
၈:၀၀	၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၅	၃။ အမျိုးသားရေးတေးကဗျာ
၄:၂၀	၄။ မြန်မာစာ မြန်မာစကား
၄:၃၅	၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၄၅	၆။ မျိုးချစ်တပ်မတော်
၅:၂၀	၇။ စိုက်ပျိုးသုတ
၅:၃၀	၈။ ဗွီစီဒီကျော်ကြားတေးများ
၅:၄၀	၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။ အမျိုးသားရေးတေးကဗျာ
၆:၂၀	၁၂။ လျှပ်တစ်ပြက်
၆:၄၀	၁၃။ သွက်လက်လှုပ်ရှား ကစားစို့လား
၇:၀၀	၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မှုခင်းရဲ** (အပိုင်း-၅)
၈:၀၀	၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။ နိုင်ငံတကာသတင်း
	၁၇။ မိုးလေဝသသတင်း
	၁၈။ အမျိုးသားရေးတေးကဗျာ
	၁၉။ Talk of the Town
	၂၀။ မေးမြန်းစူးစမ်း
	၂၁။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
	၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အချစ်ဆိုသောအရာ** (အပိုင်း-၂၀)

တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုး မိုင်းခတ်-မိုင်းယန်းလမ်း ကြည့်ရှုစစ်ဆေး မိုင်းယန်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ဆေးဝါးပစ္စည်းများ လှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၁

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုးသည် တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၂၂ရက်က မိုင်းခတ်-မိုင်းယန်း ကားလမ်းအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် မိုင်းယန်းမြို့နယ် အားကစားခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံပွဲသို့ တက်ရောက်၍ အားကစားပစ္စည်းများ ပေးအပ်သည်။

စားသောက်ဖွယ်ရာ

ဆက်လက်၍ တိုင်းမှူးနှင့်တာဝန်ရှိသူများသည် မိုင်းယန်းမြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လူနာများအား အားပေးစကားပြောကြားကာ အာဟာရဖြည့် စားသောက်ဖွယ်ရာများကို ပေးအပ်သည်။

ဆေးဝါးများပေးအပ်

ထို့နောက် တိုင်းမှူးသည် ဆေးရုံအစည်းအဝေးခန်းမ၌ကျင်းပသော ဆေးရုံဝန်ထမ်းများနှင့်တွေ့ဆုံပွဲသို့ တက်ရောက်၍ ဆေးဝါးပစ္စည်းများပေးအပ်ပြီး မိုင်းယန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

Ta-Fa Trading Co., Ltd.
ကုမ္ပဏီ အဆောက်အအုံသစ်နှင့် ကုန်ပစ္စည်းအရောင်းပြခန်းသစ်ဖွင့်

ရန်ကုန် နိုဝင်ဘာ ၁

Ta-Fa Trading Co., Ltd. ၏ ကုမ္ပဏီအဆောက်အအုံသစ်နှင့် ကုန်ပစ္စည်းအရောင်းပြခန်းဖွင့်ပွဲကို ယမန်နေ့ နံနက် ၈ နာရီက အဆောက်အအုံသစ်တည်ရှိရာ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဝါးတန်းလမ်း အမှတ် ၂၀၅(အေ)၌ ကျင်းပရာ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ စာနယ်ဇင်းအသီးသီးမှ တာဝန်ရှိသူများ၊ Supermarket ကြီးများနှင့် Store ဆိုင်ကြီးများမှ ပိုင်ရှင်များ၊ Follow Me ချစ်သူများနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

ဖွင့်လှစ်

အခမ်းအနားကို ကုမ္ပဏီဒါရိုက်တာအဖွဲ့ဝင်များ၊ ရုပ်ရှင်နှင့်ကြော်ငြာသရုပ်ဆောင်များနှင့် စာနယ်ဇင်းများမှ တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဧည့်သည်တော်များသည် ကုန်ပစ္စည်းအရောင်းပြခန်းနှင့် အဆောက်အအုံသစ်အတွင်း ခင်းကျင်းထားသည်များကို လှည့်လည်ကြည့်ရှုကြသည်။

ထုတ်လုပ်ဖြန့်ဖြူး

Ta-Fa Trading Co., Ltd. သည် Follow Me နှင့် Secret အလှကုန်များ၊ Goodmaid အိမ်သုံးသန့်ရှင်းရေးပစ္စည်းများ၊ Anakku ကလေးအဝတ်အထည်နှင့် အသုံးအဆောင်များကို တင်သွင်းဖြန့်ဖြူးလျက်ရှိပြီး Meilin Shampoo, Enjoy Shampoo, Enjoy Vitamin E Oil နှင့် V5 Dish Wash များကိုလည်း ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိကြောင်း သိရသည်။ ***(သတင်းစဉ်)***

ကျောက်တံတားမြို့နယ် ဗိုလ်အောင်ကျော်လမ်း အမှတ် ၉၀၁ အိုလံပစ်တာဝါ Classic International Co., Ltd. မှ ဦးဝင်းထိန်-ဒေါ်တင်တင်ချစ် မိသားစုက ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်းအတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ အတွင်းရေးမှူး ဦးထွန်းအေးနှင့် အဖွဲ့ဝင် ဦးမောင်မောင်အောင်တို့က လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

ပြင်ဦးလွင်မြို့နယ်တွင် စာကြည့်တိုက် ပန္နက်တင်

ပြင်ဦးလွင် နိုဝင်ဘာ ၁

ပြင်ဦးလွင်မြို့နယ် ဆင်ခေါင်းလေးကျေးရွာ စာကြည့်တိုက်ဆောက်လုပ်ရေး ပန္နက်တင်ပွဲကို အောက်တိုဘာ ၂၈ရက် နံနက်၁၀နာရီက အဆိုပါကျေးရွာ စာကြည့်တိုက် ဆောက်လုပ်မည့်မြေနေရာ၌ ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းဝေ၊ မြို့နယ်ဦးစီးမှူး ဒေါ်ခင်နှင်းရီနှင့် ဝန်ထမ်းများ၊ ဆင်ခေါင်းလေးကျေးရွာဥက္ကဋ္ဌ ဦးဝင်းငွေနှင့်အဖွဲ့ဝင်များ၊ စာကြည့်တိုက်ကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့် ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းဝေက ပန္နက်တင်ပေးသည်။ နိုင်ငံတော်ခွင့်ပြုငွေဖြင့် စာကြည့်တိုက် အမြန်ဆုံးအကောင်အထည်ဖော် ဆောက်လုပ်နိုင်ရေးနှင့် ဆောက်လုပ်မှုအခြေအနေကို အချိန်နှင့်တစ်ပြေးညီ တင်ပြနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးသည်။

(ခရိုင် ပြန်/ဆက်)

ရှေ့ဖုံးမှ

အထူးစည်ကား

နေပြည်တော် ဥပ္ပါတသန္တိကုန်းတော်ပြင်၌ တည်ထားကိုးကွယ်သော ဥပ္ပါတသန္တိစေတီတော်၌ အရုဏ်တက်အချိန်မှစ၍ ပန်း၊ ရေချမ်း၊ သစ်သီး၊ဆွမ်းဆက်ကပ်လှူဒါန်း၍ ဒါန၊ သီလ၊ ဘာဝနာကုသိုလ်ပုည ဆည်းပူးကြသူများဖြင့် စည်ကားလျက်ရှိသည်။

အစိုးရရုံးပိတ်ရက် ဖြစ်သည့်အားလျော်စွာ နေပြည်တော်၌ တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများနှင့် မိသားစုများ၊ ပတ်ဝန်းကျင် မြို့နယ်၊ ကျေးရွာနှင့်ရပ်ကွက်များမှ ဘုရားဖူးပြည်သူများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးယာဉ်များဖြင့်လာရောက်၍ ဖူးမြော်ကြည်ညိုကြသူများဖြင့်လည်း အထူးစည်ကားလျက်ရှိသည်။

နေပြည်တော်ရှိ ဓာတုစယ (ဓာတ်ပေါင်းစု) စေတီတော်၌လည်း ပန်း၊ ရေချမ်း၊ ဆီမီးနှင့် သစ်သီးဆွမ်း ဆက်ကပ်လှူဒါန်းကြသူများ ဒါန၊ သီလ၊ ဘာဝနာကုသိုလ်ပုည ဆည်းပူးကြသူများဖြင့် စည်ကားလျက်ရှိပြီး ညပိုင်း၌ ဆီမီးပူဇော်ထွန်းညှိခြင်း၊ မီးပုံးပျံများလွှတ်ခြင်းတို့ဖြင့် တန်ဆောင်တိုင်ပွဲတော်ကို ဆင်နွှဲကြသည်။

နေပြည်တော်ရှိ လမ်းဆုံအဝိုင်းများဖြစ်ကြသည့် သပြေကုန်းအဝိုင်း၊ ကြာပန်းအဝိုင်း၊ ရာဇသင်္ဂဟအဝိုင်း၊ ကုံ့ကော်အဝိုင်းတို့၌ အလှဆင် ရောင်စုံမီးပြေးများဖြင့်လည်းကောင်း၊ ပျဉ်းမနား တောင်ညိုလမ်း နေပြည်တော်ရှိ လျှိုပိတ်ဆည်၌လည်း ရောင်စုံမီးပြေးများဖြင့် အလှဆင်လျက်လည်းကောင်း အထူးလှပ ဝေဆာနေသည်ကို တွေ့ရှိရသည်။

ပဒေသာပင်

နေပြည်တော်ပျဉ်းမနားမြို့နယ်လုံးဆိုင်ရာ (၃၈)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ကို နေပြည်တော်ပျဉ်းမနား ရန်အောင်(၂)ရပ်ကွက်ရှိ တပေါင်းကွင်း၌ ကျင်းပရာ မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာအုပ်စုများမှ ကထိန်လှာသင်္ကန်းနှင့် အရန်ပစ္စည်းများကို ပဒေသာပင်များဖြင့် ဆင်ယင်ထားသည်ကို တွေ့ရသည်။

နေပြည်တော်ပျဉ်းမနားရှိ ကိုးဆူဘုရား၊ လောကမာရဇိန်၊ ကိုးခန်းကြီးဘုရားတို့၌ အရုဏ်တက်အချိန်မှစ၍ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးလှူဒါန်းဆက်ကပ်ကြသူများ၊ ဥပုသ်သီလဆောက်တည်ကြသူများ၊ ဗုဒ္ဓါနုဿတိဘာဝနာနှင့် ဝိပဿနာဘာဝနာပွားများကြသူများဖြင့် အထူးများပြားလျက်ရှိပြီး ညပိုင်းတွင် မြတ်စွာဘုရားအား ရည်မှန်း၍ ဆီမီးပူဇော်ခြင်းကို အသင်းအဖွဲ့အလိုက်၊ တစ်ဦးချင်းအလိုက် အေးချမ်းပျော်ရွှင်စွာ ကုသိုလ်ပြုကြသည်။

ဆီမီး ၉၀၀၀ ပူဇော်

နေပြည်တော်လယ်ဝေး ပျဉ်းမနားမြို့ရှောင်လမ်း ပုံချီကျေးရွာအနီးရှိ ဇလောတိဏ္ဏာစေတီတော်၌ အရုဏ်တက်အချိန်မှစ၍ ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီးဆက်ကပ်လှူဒါန်းကြသူများဖြင့် စည်ကားလျက်ရှိပြီး ညပိုင်းတွင် ဆီမီး(၉၀၀၀) ပူဇော်ပွဲကို စုပေါင်းကျင်းပကြသည်။

နေပြည်တော် ပညာသိဒ္ဓိရပ်ကွက် (ခရေအိမ်ရာ)ရှိ ပြန်ကြားရေးဝန်ထမ်း မိသားစုများ၏ နိဗ္ဗာန်ဈေးပွဲတော် အာဟာရဒါနလှူဒါန်းပွဲကို ယနေ့ ညနေ ၅နာရီမှစ၍ အဆိုပါ ဝန်ထမ်းအိမ်ရာ၌ ကျင်းပရာ ကြွရောက်လာကြသူများအား ကြက်သားပလာတာ၊ ကြာဆံချက်၊ ရေခဲမုန့်နှင့် စားသောက်ဖွယ်ရာမျိုးစုံတို့ကို ကျွေးမွေးလှူဒါန်းကြသည်။

ထွန်းညှိပူဇော်

ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် (၂၅) ကြိမ်မြောက် မသိုးသင်္ကန်း ရက်လုပ်ကပ်လှူပူဇော်ပွဲနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို ယမန်နေ့ ညနေပိုင်းတွင် ရွှေတိဂုံစေတီတော်ရင်ပြင်၌ ကျင်းပရာ ညနေ ၅နာရီခွဲတွင် မသိုးသင်္ကန်း ရက်လုပ်ယှဉ်ပြိုင်ပွဲကို ကျင်းပပြီး ညပိုင်းတွင် စေတီတော်ဂေါပကအဖွဲ့ဝင်များနှင့် ဘုရားဖူးလာ ပြည်သူများက ဆီမီး ရောင်စုံများ၊ လျှပ်စစ်မီးများကို ထွန်းညှိ ပူဇော်ကြသည်။

ယနေ့နံနက် ၁နာရီတွင် မသိုးသင်္ကန်း ရက်လုပ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ကျင်းပပြီး နံနက်၃နာရီခွဲကလည်း စေတီတော်ရင်ပြင်ရှိ ဗုဒ္ဓရုပ်ပွားတော်များအား ရက်လုပ်ပြီးစီးသည့် မသိုးသင်္ကန်းတော်များကို ကပ်လှူပူဇော်ကြသည်။

ဆက်လက်၍ နံနက်အရုဏ်တက်ချိန်တွင် စေတီတော်ရင်ပြင် ဧည့်ခံတန်ဆောင်း၌ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီး၊ ဆီမီး၊အမွှေးနံ့သာတိုင်များဖြင့် ဆွမ်းတော်ကြီး တင်လှူပူဇော်ကြပြီး စေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများအား အရုဏ်ဆွမ်းကပ်လှူကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ကမ္ဘာအေးစေတီ

အလားတူ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် (၁၂)ကြိမ်မြောက် ရွှေကြာသင်္ကန်းကပ်လှူပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ စေတီတော် ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဗုဒ္ဓရုပ်ပွားတော်များအား ရွှေကြာသင်္ကန်းများ ကပ်လှူပူဇော်ကြပြီး တန်ဆောင်မုန်းလပြည့် သာမညဖလအခါတော်နေ့အခမ်းအနားကို စေတီတော် အာရုံခံတန်ဆောင်း၌ ကျင်းပသည်။

ကျိုက္ကစံစေတီတော်

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ်ရှိ ဆုတောင်းပြည့် ကျိုက္ကစံဆံတော်ရှင် စေတီတော်ကြီး၏ အကြိမ်(၃၀)မြောက် မသိုးသင်္ကန်း ရက်လုပ်ယှဉ်ပြိုင် ပူဇော်ပွဲကို ယမန်နေ့ညနေပိုင်းတွင် စေတီတော်ရင်ပြင်ရှိ ဇဟိုမင်္ဂလာမဏ္ဍပ်၌ ကျင်းပပြီး ယနေ့နံနက် အရုဏ်တက်ချိန်တွင် ရက်လုပ်ပြီးစီးသော မသိုးသင်္ကန်းတော်များကို စေတီတော်ရှိ ဗုဒ္ဓရုပ်ပွားတော်များအား ကပ်လှူပူဇော်ကြသည်။

ကျိုက်ခေါက်စေတီတော်

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ရှိ သမိုင်းဝင်ဆံတော်ရှင် ကျိုက်ခေါက်စေတီတော် တန်ဆောင်တိုင် ဗုဒ္ဓပူဇနိယပွဲတော်နှင့် (၂၈)ကြိမ်မြောက် မသိုးသင်္ကန်း ရက်လုပ်ယှဉ်ပြိုင်ပွဲကို ယမန်နေ့ညနေ ၅နာရီတွင် ရင်ပြင်တော် အရှေ့ဘက် တန်ဆောင်းမုခ်ဦး၌ ကျင်းပသည်။

ထို့နောက် တန်ဆောင်တိုင် ဗုဒ္ဓပူဇနိယပွဲတော်အဖြစ် ဆီမီးပူဇော်ပွဲ၊ ဆွမ်းတော်ကြီးတင်လှူပူဇော်ပွဲ၊ စတုဒိသာ ကျွေးမွေးလှူဒါန်းပွဲများကို ကျင်းပပြီး ရက်လုပ်ပြီးစီးသော မသိုးသင်္ကန်းတော်များကို ဗုဒ္ဓရုပ်ပွားတော်များအား ကပ်လှူပူဇော်ကြကာ ဆရာတော် သံဃာတော်များအား ဆွမ်းဆန်စိမ်း လောင်းလှူပူဇော်ကြသည်။

စွယ်တော်မြတ်စေတီ(ရန်ကုန်)

ထို့အတူ စွယ်တော်မြတ်စေတီတော် (ရန်ကုန်)၊ ဆူးလေစေတီတော်၊ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၊ မဟာဝိဇယစေတီတော်၊ လောကချမ်းသာအဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်၊ အတုလာဓိပတိ မဟာမုနိသကျကိုးထပ်ကြီးဘုရား၊ ငါးထပ်ကြီးဘုရား၊ ခြောက်ထပ်ကြီးဘုရား၊ ရွှေဘုန်းပွင့်စေတီတော်၊ ဥက္ကလာပမြို့ဦးစေတီတော်တို့၌လည်း မသိုးသင်္ကန်းနှင့် ရွှေကြာသင်္ကန်း ရက်လုပ်ယှဉ်ပြိုင်ကပ်လှူပူဇော်ပွဲများ၊ ဆီမီးထွန်းညှိပူဇော်ပွဲများ၊ သာမညဖလအခါတော်နေ့ ပူဇော်ပွဲအခမ်းအနားများ၊ ဆွမ်းတော်ကြီး တင်လှူပူဇော်ပွဲများနှင့် ဗုဒ္ဓဒေသနာတော်များ ရွတ်ဆိုပူဇော်ပွဲများကို အထူးစည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

ထို့အပြင် ရန်ကုန်မြို့ရှိ မြို့နယ်အသီးသီးနှင့် ရပ်ကွက်များ၌ စုပေါင်းမဟာဘုံကထိန် အလှူမင်္ဂလာပွဲများကျင်းပ၍ ကထိန်သင်္ကန်းနှင့် အရန်ပစ္စည်းပဒေသာပင်များကို မြန်မာ့ရိုးရာယဉ်ကျေးမှု အတီးအမှုတ် အကအခုန် များဖြင့်လှည့်လည်၍ သက်ဆိုင်ရာကျောင်းတိုက်များသို့ ပို့ဆောင်လှူဒါန်းကြသည်။

စည်ကားသိုက်မြိုက်

အလားတူ နိုင်ငံတစ်ဝန်းရှိ ဘုရား၊ ပုထိုး၊ စေတီတော်များ၌ မသိုးသင်္ကန်း၊ ရွှေကြာသင်္ကန်းများ ကပ်လှူပူဇော်ပွဲ၊ သာမညဖလအခါတော်နေ့ ပူဇော်ပွဲများနှင့် ကထိန်အလှူတော် မင်္ဂလာပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

(သတင်းစဉ်)

ရောင်စုံမီးအလှ

တန်ဆောင်မုန်းလပြည့် (သာမညဖလအခါတော်နေ့)တွင် နေပြည်တော်ရှိ ကြာပန်းအဝိုင်း၌ ရောင်စုံမီးအလှကို တွေ့ရစဉ်။

(သတင်းစဉ်)

နေပြည်တော် ကြာပန်းအဝိုင်း

တန်ဆောင်မုန်းလပြည့် (သာမညဖလအခါတော်နေ့)တွင် နေပြည်တော် ကြာပန်းအဝိုင်း၌ အနားယူအပန်းဖြေသူများ လာရောက်ကြစဉ်။

(သတင်းစဉ်)

တန်ဆောင်မုန်းလပြည့်နေ့တွင် တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)၌ အနားယူအပန်းဖြေသူများ လာရောက်ကြစဉ်။

(သတင်းစဉ်)

2-11 (03).pmd 1 11/2/2009, 1:32 AM

ကုလသမဂ္ဂ၏ နျူကလီးယားလောင်စာအစီအစဉ် အီရန် ထိပ်တန်းအမတ်များ ဆန့်ကျင်

တီဟီရန် နိုဝင်ဘာ ၁

အီရန်နိုင်ငံအတွက် နျူကလီးယားလောင်စာနှင့်ပတ်သက်သည့် ကုလသမဂ္ဂ၏ အစီအစဉ်ကို သူတို့ဆန့်ကျင်ကြောင်း၊ အီရန်အစိုးရ၏ အဏုမြူလုပ်ငန်းအပေါ် နိုင်ငံတကာက စိုးရိမ်မကင်းမှုလျော့ပါးအောင် ရည်ရွယ်သည့် ယင်းအစီအစဉ်အပေါ် ပိုမိုသံသယဖြစ်မိကြောင်း အီရန်ထိပ်တန်းအမတ်များက အောက်တိုဘာ ၃၁ရက်တွင် ထုတ်ဖော်ကြေညာသည်။

လောင်စာအဖြစ်ပြောင်းလဲ

အမေရိကန်ထောက်ခံသည့် အထက်ပါ အစီအစဉ်အရ အီရန်သုတေသန ဓာတ်ပေါင်းဖိုအတွက် အသုံးချမည့် ပိုမိုသန့်စင်သည့် လောင်စာအဖြစ် ပြောင်းလဲပစ်ရန် အီရန်၏ အဆင့်နိမ့်သန့်စင်ပြီး ယူရေနီယံ (အယ်အီးယူ)ကို အီရန်က ပြည်ပနိုင်ငံသို့ ပို့ပေးရမည်ဖြစ်သည်။

အီရန်ပါလီမန် အမျိုးသားလုံခြုံရေးနှင့် နိုင်ငံခြားရေးမူဝါဒကော်မတီ ပြောရေးဆိုခွင့်ရှိသူ ဂျာလာလီနှင့် ကော်မတီဥက္ကဋ္ဌ အလက်ဒင်တို့က အထက်ပါအတိုင်း ပြောဆိုကြသည်။ **အမ်အင်န်အေ၊ ရိုက်တာ**

တရုတ်နိုင်ငံ ကျန့်ကျင်းပြည်နယ်နန်ဘိုမြို့ရှိ ကျောက်ဖြစ်ရုပ်ကြွင်း ပြတိုက်၌ တွေ့ရှိရသော ဟတ်ဒရိုဆော ကျောက်ဖြစ်ရုပ်ကြွင်းကို နိုဝင်ဘာ ၁ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

A(H1N1) ရောဂါ အလေးထားတိုက်ဖျက်ရေး တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင် တိုက်တွန်းနှိုးဆော်

ပေကျင်း နိုဝင်ဘာ ၁

တရုတ်နိုင်ငံတွင် ဆောင်းရာသီရောက်လာပြီဖြစ်သဖြင့် နိုင်ငံအဝန်း A(H1N1) တုပ်ကွေးရောဂါဖြစ်ပွားမှု မြင့်တက်မလာစေရေးအတွက် အလေးထားဆောင်ရွက်ကြရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဝမ်ကြားပေါင် အောက်တိုဘာ ၃၁ရက်က A(H1N1) တုပ်ကွေးရောဂါ ကာကွယ်တိုက်ဖျက်ရေးအဖွဲ့အား ပေကျင်းမြို့ ကလေးဆေးရုံကြီး၌ တွေ့ဆုံစဉ် တိုက်တွန်းပြောကြားလိုက်သည်။

ဖိဖိစီးစီးပြုလုပ်

ဆက်လက်၍ ဝန်ကြီးချုပ်ဝမ်က နိုင်ငံ၏ အချို့ဒေသများတွင် အဆိုပါရောဂါသည် ကပ်ရောဂါအသွင် ဖြစ်လာနိုင်ကြောင်း၊ ထို့ကြောင့် ဆရာဝန်များအနေဖြင့် ရောဂါဖြစ်ပွားမှု သံသယရှိသူများကို ကာကွယ်စောင့်ရှောက်ရေး၊ ရောဂါထိန်းချုပ်ရေးနှင့် ကုသရေးလုပ်ငန်းများကို ဖိဖိစီးစီးပြုလုပ်ကြရန် ထပ်လောင်းတိုက်တွန်းလိုက်သည်။

ကပ်ရောဂါအသွင်

ယခုအခါ တရုတ်နိုင်ငံ၏ အချို့ဒေသများတွင် A(H1N1) တုပ်ကွေးရောဂါမှာ ကပ်ရောဂါအသွင်ဖြစ်ပွားနိုင်သည့် အလားအလာရှိကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

ကားဗုံးပေါက်ကွဲ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့လယ်၌ ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို နိုဝင်ဘာ ၁ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ရေအောက် ပန်းပုပြိုင်ပွဲ

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်ရှိ အမျိုးသား သဘာဝဘေးမဲ့တော၌ ကျင်းပသည့် ရေအောက်ရွှေဖရုံပန်းပုလက်ရာပြိုင်ပွဲတွင် ပါဝင်ယှဉ် ပြိုင် နေ သူတစ်ဦးအား နိုဝင်ဘာ ၁ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဥရောပနိုင်ငံများ အလုပ်လက်မဲ့နှုန်း မြင့်တက်လာ

ဘရပ်ဆဲလ် နိုဝင်ဘာ ၁

ယခုနှစ် ပထမကိုးလအတွင်း ဥရောပသမဂ္ဂနိုင်ငံများဇုန်၌ အလုပ်လက်မဲ့နှုန်း ၉ ဒသမ ၂ ရာခိုင်နှုန်းသို့ မြင့်တက်လျက်ရှိပြီး ၂၀၀၀ပြည့်နှစ်ကတည်းက အလုပ်လက်မဲ့ဖြစ်ပွားမှုနှုန်း အမြင့်ဆုံးအဆင့်သို့ စံချိန်တင်ရောက်ရှိနေကြောင်း အောက်တိုဘာ ၃၁ရက်တွင် သတင်းထုတ်ပြန်သည်။

အလုပ်လက်မဲ့

၂၀၀၉ခုနှစ် တတိယသုံးလပတ်အတွင်း၌ အလုပ်လက်မဲ့နှုန်း အများဆုံးနိုင်ငံများမှာ စပိန်၊ နယ်သာလန်နှင့် လိုက်ဘေးရီးယားနိုင်ငံတို့ ဖြစ်ကြသည်။ **(အင်တာနက်)**

တိုယိုတာကားထုတ်လုပ်ရေး

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ တိုယိုတာကားကုမ္ပဏီ၏ ထုတ်လုပ်ရေးလုပ်ငန်းခွင် တစ်နေရာကို နိုဝင်ဘာ ၁ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ကန်-ဂျပန် လုံခြုံရေးစာချုပ် ဂျပန် ပြန်လည်သုံးသပ်မည်

တိုကျို နိုဝင်ဘာ ၁

ဂျပန်နိုင်ငံရှိ အမေရိကန် နာဂိုစစ်အခြေစိုက်စခန်းကို ဆက်လက်ထားရေး၊ မထားရေးနှင့်စပ်လျဉ်း၍ ဂျပန်အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ချိန်ဆနေစဉ် ဂျပန်အစိုးရနှင့် အမေရိကန်အစိုးရတို့အကြားရှိ ၁၉၆၀ ပြည့်နှစ်က ချုပ်ဆိုထားသော လုံခြုံရေးဆိုင်ရာ သဘောတူစာချုပ်ကို မိမိပြန်လည်သုံးသပ်သွားမည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ယူကီအိုဟာတိုယာမက ပြောကြားလိုက်သည်။

သူ၏ ပြန်လည်သုံးသပ်မှုတွင် ဂျပန်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ဝင် ၈၀၀၀ကျော် တပ်စွဲထားမှုလည်း ပါဝင်သည်။ အဆိုပါ အမေရိကန်တပ်ဖွဲ့ဝင်များ ဂျပန်နိုင်ငံ၌ ထားရှိခြင်းကြောင့် တစ်နှစ်လျှင်အမေရိကန် ဒေါ်လာ ၃၂ သန်း ကုန်ကျလျက်ရှိသည်ဟု ဆိုသည်။ (အင်တာနက်)

ဗြိတိသျှစုံတွဲ ပြန်လွှတ်ပေးရန် ဒေါ်လာ ၇သန်း တောင်းဆို

လန်ဒန် နိုဝင်ဘာ ၁

အိန္ဒိယသမုဒ္ဒရာမှ ပြန်ပေးဆွဲခေါ်ဆောင်သွားသည့် ဗြိတိသျှစုံတွဲ နှစ်ဦးအတွက် ပြန်လွှတ်ပေးစေလိုလျှင်အမေရိကန် ဒေါ်လာ၇သန်းနှင့်ရွေးယူရမည်ဖြစ်ကြောင်း ဆိုမာလီပင်လယ်ဓားပြများက တောင်းဆိုလိုက်သည်။

ပေါလ်နှင့် ရက်ချဲချန်ဒရာ အမည်ရှိ ဗြိတိသျှစုံတွဲတို့အား ပင်လယ်ဓားပြများက ပြီးခဲ့သည့် ရက်သတ္တပတ်က ဓားစာခံအဖြစ် ပြန်ပေးဆွဲသွားခြင်း ဖြစ်သည်။

နိုင်ငံပေါင်းသဖန်နိုင်ငံမှ ရေတပ်သင်္ဘောများ ထိုဒေသ၌ ကင်းလှည့်နေစဉ် ဆိုမာလီပင်လယ်ဓားပြများက ယခုကဲ့သို့ ပြန်ပေးဆွဲခြင်းဖြစ်သည်။ **အမ်အင်န်အေ၊ရိုက်တာ**

ဘိန်းဖြူ ကီလိုဂရမ် ၃၀၀ကျော် တူရကီရဲတပ်ဖွဲ့ သိမ်းဆည်းမိ

အန်ကာရာ နိုဝင်ဘာ ၁

တူရကီနိုင်ငံအတွင်း ရဲတပ်ဖွဲ့ဝင်များ၏ မူးယစ်ဆေးဝါးမှောင်ခိုမှု တိုက်ဖျက်ရေး စစ်ဆင်မှုနှစ်ရပ်တွင် ဘိန်းဖြူ ၃၀၄ကီလိုဂရမ်ကို သိမ်းဆည်းလိုက်ကြောင်း အစိုးရအာဘော်ပိုင်းဖြစ်သည့် အနာတိုလီယာသတင်းဌာနက အောက်တိုဘာ ၃၀ရက်၌ ကြေညာသည်။

သတင်းအရ တူရကီနိုင်ငံတောင်ပိုင်း ဟက်ကာရီဒေသတွင် ထရပ်ကားတစ်စီးကို ရပ်တန့်ရှာဖွေရာ၌ အိတ်ရှစ်အိတ်ဖြင့် ဝှက်ယူလာသည့် ဘိန်းဖြူ ၂၀၉ ကီလိုဂရမ်ကို သိမ်းဆည်းရမိလိုက်သည်။ အခြားတစ်နေရာ၌ မီနီဘတ်စ်ကားတစ်စီးထဲမှ ဘိန်းဖြူ ၉၅ကီလိုဂရမ် သိမ်းဆည်းရမိသည်ဟု ဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဂျေပူရ်ရေနံဝင်းအတွင်း မီးလောင်မှု ၁၃ဦးသေဆုံး

နယူးဒေလီ နိုဝင်ဘာ ၁

အိန္ဒိယနိုင်ငံ ရာဂျက်စသန်ပြည်နယ် ဂျေပူရ်မြို့တော်ဆင်ခြေဖုံးရှိ ရေနံဝင်းအတွင်း၌ အောက်တိုဘာ ၃၀ရက် မွန်းလွဲပိုင်းက မီးအကြီးအကျယ်လောင်ကျွမ်းသဖြင့် အနည်းဆုံး လူ၁၃ဦး သေဆုံးပြီး လူ၁၅၀ဒဏ်ရာရရှိကြောင်း ရဲအရာရှိတစ်ဦးက ပြောကြားသည်။

အဆိုးရွားဆုံး

ယင်းဖြစ်ရပ်မှာ အိန္ဒိယရေနံကော်ပိုရေးရှင်း၏သမိုင်းတွင် အဆိုးရွားဆုံးသော မီးလောင်မှုတစ်ခုဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

2-11 (04).pmd 1 11/2/2009, 1:32 AM

မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးကျင်းပ

ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် နိုဝင်ဘာ ၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံး၌ ကျင်းပသည့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း (၁၇)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ကြည့်ရှုအားပေး

အခမ်းအနားမစတင်မီ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်ထွန်းနှင့် တာဝန်ရှိသူများသည် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းက ခင်းကျင်းပြသရောင်းချလျက်ရှိသော ဆီအရောင်းဆိုင်များကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ထို့နောက် အစည်းအဝေးခန်းမ၌ ဆဋ္ဌမအကြိမ် တရုတ်-အာဆီယံကုန်စည်ပြပွဲတွင် အဘက်ဘက်မှကူညီခဲ့သော ပုဂ္ဂိုလ်များအား ဂုဏ်ပြုအခမ်းအနားကိုကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး တာဝန်ရှိသူက ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံမှ ပါဝင်ပြသမှုနှင့် ဆုရရှိမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေး

ဆက်လက်၍ တာဝန်ရှိသူက ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံက ရရှိခဲ့သော ဆုတံဆိပ်ကို ပြပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌထံ ပေးအပ်ပြီး တာဝန်ရှိသူများက ပြပွဲတွင် အဘက်ဘက်မှ ကူညီခဲ့သော ပုဂ္ဂိုလ်များနှင့် အမျိုးသားပြခန်းဆောင်နှင့် ကုန်စည်ပြခန်းဆောင်၏ ဒီဇိုင်းများအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်သည်။

ထို့နောက် အစည်းအဝေးကို ကျင်းပရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ အသင်းချုပ်ဥက္ကဋ္ဌက အမှာစကားပြောကြားသည်။

အမှာစကားပြောကြား

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း (၁၇)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ဖတ်ကြားအတည်ပြု

ယင်းနောက် အလှူငွေများပေးအပ်ခြင်း၊ ၂၀၀၈ခုနှစ် ဗဟိုအလုပ်အမှုဆောင်ကော်မတီ အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို တင်ပြခြင်းနှင့် အတည်ပြုခြင်း၊ အသင်းဝင်များ ကြိုတင်ပေးပို့ထားသော အကြံပြုချက်များကို ဖြေကြားခြင်း၊ ၂၀၀၇-၂၀၀၉ခုနှစ် အလုပ်အမှုဆောင်အဖွဲ့ သက်တမ်းကုန်ဆုံးကြောင်းနှင့် နုတ်ထွက်ကြောင်းကြေညာခြင်း၊ ၂၀၀၉-၂၀၁၁ခုနှစ် အလုပ်အမှုဆောင်အဖွဲ့အသစ်ကို ဖတ်ကြားအတည်ပြုခြင်းများကို ဆောင်ရွက်ပြီး သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားကာ နှစ်ပတ်လည်အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပညာပေးဟောပြော

ရန်ကုန်အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုဖြင့် လှိုင်မြို့နယ်အတွင်း မှုခင်းကျဆင်းရေး ရက်သတ္တပတ်ပူးပေါင်းဆောင်ရွက်မှု၊ မှုခင်းအသိပညာပေး ဟောပြောပွဲကို အောက်တိုဘာ၂၉ရက်က လှိုင်မြို့နယ် အထက(၁) ဘုရင့်နောင်ခန်းမ၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးတင်ဝင်းက ဟောပြောစဉ်။

(မြန်မာ့အလင်း)

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်မောင်ဆွေ စုစည်းရေးသားသည်

တောင်ဝါဇီရစ္စတန်ထိုးစစ်ဆင်နွှဲ စစ်သွေးကြွ ၃၃ဦးအား ချေမှုန်းခဲ့

ပါကစ္စတန်တပ်ဖွဲ့သည် တောင်ဝါဇီရစ္စတန်တောင်တန်းဒေသတွင် ဆင်နွှဲလျက်ရှိသော ယင်းတို့၏ ထိုးစစ်၌ တာလီဘန်လိုလားသူ စစ်သွေးကြွ၃၃ဦးကို သတ်ဖြတ်ချေမှုန်းလိုက်ကြောင်း ပါကစ္စတန်စစ်ဘက်က ပြောသည်။ ထိုဒေသတွင် အောက်တိုဘာ ၁၇ရက်က စတင်ဆင်နွှဲခဲ့သော စစ်ဆင်ရေးပြုလုပ်ကတည်းက တာလီဘန်လိုလားသူ ၂၉၇ဦးကို ချေမှုန်းနိုင်ခဲ့ပြီဖြစ်ကြောင်းဖြင့်လည်း ပြောဆိုသည်။

မက္ကဆီကိုမြောက်ပိုင်း ပစ်ခတ်မှုဖြစ်ပွား အနည်းဆုံး ၁၅ဦးသေဆုံး

မက္ကဆီကိုနိုင်ငံမြောက်ပိုင်း မူးယစ်ဆေးရာဇာအချို့ခိုအောင်းသည့် ဆိုနိုရာပြည်နယ်၌ အလုံးအရင်းဖြင့် ပစ်ခတ်သတ်ဖြတ်မှုဖြစ်ပွားရာ အနည်းဆုံး ၁၅ဦးသေဆုံးသွားကြောင်း သတင်းရရှိသည်။

ဘဂ္ဂဒက်မြို့ဗုံးခွဲတိုက်ခိုက်မှု လူခြောက်ဦးသေဆုံး၊ ၃၇ ဦးဒဏ်ရာရ

အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်မြို့တောင်ဘက်ဈေးတစ်ဈေးတွင် နိုဝင်ဘာ ၁ရက်က စက်ဘီးဖြင့် ဗုံးဖောက်ခွဲမှုတစ်ရပ်ဖြစ်ပွားရာ သေဆုံးသူခြောက်ဦးအထိရှိပြီး ၃၇ဦး ဒဏ်ရာရရှိသွားကြောင်း အီရတ်ရဲတပ်ဖွဲ့သတင်းရပ်ကွက်က ပြောသည်။

အီဂျစ်၌ A(H1N1) တုပ်ကွေးရောဂါဖြစ်ပွားမှု ငါးဦးသေဆုံး၊ လူ၁၀၀၀ကျော် ကူးစက်

အီဂျစ်နိုင်ငံတွင် A(H1N1) တုပ်ကွေးရောဂါကြောင့် သေဆုံးသူ ငါးဦးမြောက်ရှိသွားပြီဖြစ်ကြောင်း အီဂျစ်ကျန်းမာရေးဝန်ကြီးဌာနက အောက်တိုဘာ ၃၁ရက်တွင် ကြေညာသည်။ ယခုအခါ အီဂျစ်နိုင်ငံ၌ A(H1N1) တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားသူ စုစုပေါင်း ၁၀၀၀ကျော်သွားပြီဟုလည်း ကြေညာချက်၌ ဆက်လက်ဖော်ပြထားသည်။

ပါလက်စတိုင်းလူငယ်တစ်ဦး အစ္စရေးစစ်ဘက်က ဖမ်းဆီး

ဂါဇာကမ်းမြောင်ဒေသနှင့်အစ္စရေးနိုင်ငံကြားရှိနယ်စပ်တွင် အောက်တိုဘာ ၃၁ရက် ညပိုင်းက ပါလက်စတိုင်းလူငယ်တစ်ဦးအား အစ္စရေးတပ်က ပစ်ခတ်ဖမ်းဆီးလိုက်ကြောင်း အစ္စရေးဆေးဘက် အသိုင်းအဝိုင်းက ဆင်ဟွာသတင်းဌာနသို့ ပြောသည်။

အာဖဂန် မူးယစ်ဆေးဝါးထုတ်လုပ်မှု နိုင်ငံခြားတပ်ဖွဲ့ဝင်များ ပါဝင်ပတ်သက်ဟုဆို

အာဖဂန်နစ္စတန်နိုင်ငံတွင် နိုင်ငံခြားတပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါးထုတ်လုပ်မှုမှ ငွေကြေးများရယူနေကြသည်ဟု အာဖဂန်နစ္စတန်မူးယစ်ဆေးတိုက်ဖျက်ရေးဆိုင်ရာ ဝန်ကြီးကပြောသည်။ အမေရိကန်၊ ဗြိတိန်နှင့် ကနေဒါနိုင်ငံများမှ နိုင်ငံခြားတပ်ဖွဲ့ဝင်များ ထိန်းချုပ်ထားသည့် ပြည်နယ်နှစ်ခုတွင် မူးယစ်ဆေးအများစုကို သိုလှောင်ထားသည်ဟု အဆိုပါ အာဖဂန်နစ္စတန်ဝန်ကြီး ဗိုလ်ချုပ်ကြီး ဆိုဒိုင်ဒတ်ခိုဒိုင်ဒတ်က ပြောကြားကြောင်းဖြင့်လည်း အိုင်အာအင်န်အေသတင်းဌာနက အောက်တိုဘာ ၃၁ရက်၌ ဖော်ပြသည်။

A(H1N1)တုပ်ကွေးရောဂါ အမေရိကန်ပြည်နယ် ၄၈ခုတွင် ပျံ့နှံ့ဖြစ်ပွား

အမေရိကန်ပြည်ထောင်စုတွင် A(H1N1)တုပ်ကွေးရောဂါကာကွယ်ဆေးကို နိုင်နိုင်နင်းနင်း မဖြန့်ဖြူးနိုင်သဖြင့် အမေရိကန်ပြည်ထောင်စု ပြည်နယ် ၄၈ခုတွင် A(H1N1)တုပ်ကွေးရောဂါပျံ့နှံ့နေပြီဖြစ်ကြောင်း ထိပ်တန်းအမေရိကန်ကျန်းမာရေး အရာရှိများက အောက်တိုဘာ ၃၀ရက်၌ ပြောသည်။

ဒေင်ပင်လယ်ကွေ့၌ ယီမင်ငါးဖမ်းသင်္ဘောကို ဆိုမာလီဓားပြများပြန်ပေးဆွဲ

ဆိုမာလီပင်လယ်ဓားပြများသည် ဒေင်ပင်လယ်ကွေ့တွင် ညလုံးပေါက်ပစ်ခတ်တိုက်ခိုက်ပြီးနောက် ယီမင်ငါးဖမ်းသင်္ဘောကို အပိုင်စီးခဲ့ကြောင်း၊ အောက်တိုဘာ ၃၀ရက်ညက တိုက်ခိုက်မှုတွင် ပြန်ပေးဆွဲသူပင်လယ်ဓားပြတစ်ဦးထက်မနည်း သေဆုံးသွားကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)**

ကော့မှူးမြို့နယ် ကျေးရွာများသို့ ပစ္စည်းများ ထောက်ပံ့ပေးအပ်လှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၁

အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် အောက်တိုဘာ ၂၆ရက် နံနက် ၉နာရီက ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ်ရှိ ကျေးရွာများအတွက် ပစ္စည်းများထောက်ပံ့ပေးအပ်လှူဒါန်းခြင်း အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဖေကမ္ဘာကုမ္ပဏီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ ကော့မှူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ငွေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့မှ တာဝန်ရှိသူများနှင့် ကျေးရွာရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ရှေးဦးစွာ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က လှူဒါန်းရခြင်းအကြောင်းအရင်းနှင့် ကော့မှူးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှု အခြေအနေများကို အကျယ်တဝင့် ပြောကြားသည်။

အမှာစကားပြောကြား

ထို့နောက် ဖေကမ္ဘာကုမ္ပဏီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက အမှာစကားပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ရန်ကုန်တိုင်း ကော့မှူးမြို့နယ်အတွင်းရှိ မဆယ်စိတ်ကျေးရွာ၊ ကျိုက်ထော်မြောက်ကျေးရွာ၊ ကျိုက်ထော်တောင်ကျေးရွာ၊ တာတိုက်ကျေးရွာ၊ ဆုံးရှမ်းကျေးရွာနှင့် ညောင်ကုန်းကျေးရွာတို့သို့ ပစ္စည်းများ ထောက်ပံ့ပေးအပ်ရာ ကျေးရွာအလိုက် တာဝန်ရှိသူများက လက်ခံယူသည်။ **(အပေါ်ပုံ)**

ထို့နောက် ကျေးရွာပြည်သူများ ကိုယ်စား ကျေးရွာပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ ထောက်ပံ့လှူဒါန်းသည့် ပစ္စည်းများမှာ အမိုး၊ သွပ်၊ ဆန် နှင့်အခြားအသုံးအဆောင် ပစ္စည်း ၁၅မျိုးဖြစ်ကြောင်း သိရသည်။ **(အား/ကာ)**

ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်မှ ဘာသာရပ်ဆိုင်ရာ ပါမောက္ခများက သန်လျင်မြို့နယ်အတွင်းရှိ အခြေခံပညာ အထက်တန်းကျောင်းများမှ တက္ကသိုလ်ဝင်တန်း ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား စာမေးပွဲအထောက်အကူပြု ဟောပြောပွဲကို အောက်တိုဘာ ၁၄ရက်က အထက(၁) ပတ္တမြားခန်းမ၌ ကျင်းပရာ ဒေါ်ကြည်ကြည်စိန် (ပါမောက္ခ ဌာနမှူး အင်္ဂလိပ်စာ)က ဟောပြောပို့ချစဉ်။ (ခရိုင် ပြန်/ဆက်)

မိတ္ထီလာမြို့နယ်ရှိ ဒေသခံပြည်သူများအား စက်မှု(၁)ဝန်ကြီး ဦးအောင်သောင်း တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် အောက်တိုဘာ ၂၄ရက် နံနက် ၈ နာရီခွဲက မန္တလေးတိုင်း မိတ္ထီလာမြို့နယ် ကန်တောင်ကျေးရွာ၌ ကန်တောင်၊ ကွက်ငယ်၊ ဝါးရုံ၊ မြာ၊ ကုက္ကိုကုန်း၊ ညောင်မြင့်နှင့် လှည်းပွဲကျေးရွာအုပ်စုများမှ ဒေသခံပြည်သူများအား တွေ့ဆုံပြီး ကန်တောင်ကျေးရွာ တွဲဖက်အခြေခံပညာအလယ်တန်းကျောင်း ပြုပြင်ရန် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် မြန်မာ့အထည်အလိပ်လုပ်ငန်း ပျော်ဘွယ်ချည်မျှင်စက်ရုံ၏ အထူးအထွက်တိုး မိုးစိုက်ငွေချည်(၆) ချည်မျှင်ရှည်ဝါ ၁၁၅ဧက၏ ဖြစ်ထွန်းအောင်မြင်မှုများနှင့် ပျော်ဘွယ်ချည်မျှင်စက်ရုံတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

စာကြည့်တိုက်များ စာငှားစနစ်ကျင့်သုံးရေး ဒဂုံမြို့သစ်(မြောက်ပိုင်း)၌ ဆောင်ရွက်

ရန်ကုန် နိုဝင်ဘာ ၁

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ခိုင်မာရှင်သန်ဖွံ့ဖြိုးရေး၊ စာငှားစနစ်ကျင့်သုံးရေးအတွက် စာကြည့်တိုက်ကော်မတီဝင်များနှင့်တွေ့ဆုံဆွေးနွေးပွဲကို အောက်တိုဘာ ၂၅ရက် နံနက် ၉နာရီခွဲက (၄၂)ရပ်ကွက် သုတပဒေသာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်၌ ကျင်းပသည်။

ပြန်လည်ဆွေးနွေး

အဆိုပါ ဆွေးနွေးပွဲတွင် မြို့နယ်ဦးစီးမှူးဒေါ်လှလှငွေးက စာကြည့်တိုက် ရှင်သန်ခိုင်မာရေးနှင့် စာငှားစနစ်ကျင့်သုံးရေး နည်းစနစ်များကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးခင်မောင်ထွန်းနှင့် စာကြည့်တိုက်ကော်မတီဝင် ဦးညီညီနိုင်တို့က ဆောင်ရွက်မည့်လုပ်ငန်းနှင့် ပတ်သက်၍ ပြန်လည်ဆွေးနွေးတင်ပြသည်။ ***(ယာပုံ)*** ***(မြို့နယ် ပြန်/ဆက်)***

နိုဝင်ဘာလထုတ် ငွေတာရီမဂ္ဂဇင်း ထွက်ပြီ

ရန်ကုန် နိုဝင်ဘာ ၁

ပန်းချီရန်နိုင်ဦး၏ လှပစွဲမက်ဖွယ်ရာ ဆေးစက်ခြယ်မှုန်းထားသော ပန်းချီအလှနှင့်အတူ မင်းယုဝေ၊ မြင်းမူမောင်နိုင်မိုး၊ ညွှန့်ဝေ(ကသာ)၊ ကို(တက္ကသိုလ်)၊ မောင်ဟောမာ၊ သူရဇော်၊ အန္တဲ့(ရွှေဘို)၊ ဇော်နောင်၊ စစ်မင်း(တောင်တွင်း)၊ မောင်ရတနာတို့၏ ကဗျာပုံရိပ် ဒဿနများအပြင် ကာတွန်းငွေကြည်၊ တင်အောင်နီ၊ မြေဇာ၊ သစ်ထွဏ်း၊ မောင်မောင်ညှက်၏ ကာတွန်းလက်ရာများ အပါအဝင် ရှင်ဉာဏ(ဖျာပုံ)၊ ချစ်စံဝင်း၊ မောင်စူးစမ်း၊ ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်)၊ သာဂဒိုး၊ မကြန်၊ ဒေါက်တာသက်ဆွေ၊ ရွှေကူနန်းနွဲ့နွဲ့၊ ဗိုလ်ကလေးတင့်အောင်၊ ခင်မောင်ညို (ဘောဂဗေဒ)၊ တင်သန်းဦး၊ ရဲဘော်ကျော်ဆန်း၊ မောင်စိန်ဝင်း(ပုတီးကုန်း)၊ မောင်ခင်မင်(ဓနုဖြူ)၊ တက္ကသိုလ်လှကြွယ်၊ သော်ဇင်သစ်၊ မောင်ကြည်သစ်ဦး၊ နိုင်ဇော်၊ မောင်၊ ဂွမ်းဖြူဇင်၊ လှဘုန်းအောင်၊ မန်းတင်၊ ကိုခန့်(သုတေသန)၊ ကောက်ရိုးနွယ်(ရွှေကူ)၊ မင်းတင်သိန်း(ပွင့်လျက်)၊ မြေလတ်မောင်ချစ်ဖူး၊ ဟိန်း၊ ဒေါက်တာဦးစံတင်အောင်(ရွှေဘို)တို့၏ သုတ ရသဆောင်းပါးများ၊ မြန်မာ့ရိုးရာဟာသများ၊ ဇာဒင်ဟောစာတမ်းများကို နှစ်သက်ဖွယ်ရာ ဖတ်ရှုကြရမည်ဖြစ်ပြီး မြင့်ဝင်းနီ၊ ပိုင့်-လှိုင်းသစ်၊ မင်္ဂလာစျင်အောင်၊ ချမ်းမြအောင်၊ အိမ့်ချမ်းမြေ့၊ ရွှေသဥ္ဇာတို့၏ ဘဝဇာတ်လမ်းစုံ အဖုံဖုံတို့ကိုလည်း ဖတ်ရှုရမည်ဖြစ်သည်။

ငွေတာရီမဂ္ဂဇင်းကို အမှတ် ၂၀၆၊ ၃၁ လမ်းအထက် ရန်ကုန်မြို့ ဖုန်း-၃၇၁၂၄၄ နှင့် အမှတ်၁၅ တပ်မြေ မိုးကောင်းဘုရားလမ်း (၁၅)ရပ်ကွက် ဘောက်ထော်၊ ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၅၈၂၇၃ တို့သို့ ဆက်သွယ်မှာကြား ဝယ်ယူဖတ်ရှုနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မုဒုံမြို့ အထက(၂) မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၁

မွန်ပြည်နယ် မုဒုံမြို့ ယခင် A.B.M (သို့မဟုတ်) A.V.M အနီကျောင်း ယခု အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၏ စတုတ္ထအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၄ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် အဆိုပါကျောင်း ပညာရတနာခန်းမဆောင်၌ ဂါရဝပြု ပူဇော်ကန်တော့ကြမည်ဖြစ်သည်။

လှူဒါန်းနိုင်

အပူဇော်ခံ အသက်(၆၀)နှင့် အထက် ဆရာကြီး ဆရာမကြီးများ၊ ကျောင်းသားကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် အကြံဉာဏ်များ၊ အလှူငွေများကို မုဒုံမြို့ရှိ ဒေါက်တာဦးစိုးမြင့်ဝင်း အမှတ် ၁၆၉ ဗိုလ်ချုပ်လမ်း အရှေ့မင်းတန်းရပ် ဖုန်း-၀၅၇-၇၀၀၅၅၊ ဒေါက်တာ ဒေါ်မြင့်မြင့်ခင် အမှတ် ၁၀၉ ဗိုလ်ချုပ်လမ်း ဘိုတဲရပ် ဖုန်း-၀၅၇-၇၀၂၄၀၊ ဆရာမဒေါ်ယဉ်တီ တာဝန်ခံ ကျောင်းအုပ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ဖုန်း-၀၅၇-၇၀၀၂၈၊ ဦးမောင်မောင်သန်း တရားရုံးချုပ်ရှေ့နေ အမှတ် (၂၄-အယ်လ်) သံလွင်လမ်းသွယ် ရှင်အရဟံလမ်း ဖုန်း-၀၅၇-၇၀၇၀၄နှင့် ဦးမြင့်သိန်း (ဦးဘသန်း-ဒေါ်အေးဟန်မှ တစ်ဆင့်)မြသီတာလမ်း A.B.M ရပ် ဖုန်း-၀၅၇-၇၀၄၈၆ တို့သို့ ဆက်သွယ်ပေးပို့ လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ရန်ကုန်အနောက်ပိုင်းခရိုင် ကျောက်တံတားမြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးနှင့် စံ(၅)ချက်နှင့် ညီညွတ်သော စာကြည့်တိုက်များ ဖြစ်ပေါ်လာရေးအတွက် အမှတ်(၆)ရပ်ကွက် ကျောက်တံတားမြို့နယ်၌ အောက်တိုဘာ ၁၉ရက်ကကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးစန်းလွင်ဦးက စာငှားစနစ် မှန်ကန်စွာကျင့်သုံးရေးနှင့် ရန်ပုံငွေထူထောင်ရေး ဆွေးနွေးစဉ်။ (ခရိုင် ပြန်/ဆက်)

သက်ကြီး စာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေ ပေးအပ်လှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၁

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော စာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အောက်တိုဘာ ၂၆ရက်က ဒေါက်တာတင်ထွန်းဦး-ဒေါက်တာခင်မိုးမိုး(စွယ်စုံမီဒီယာဂရု)က ငွေကျပ် ၇၀၀၀၀၀၊ ဆရာကြီးဦးတင်စိုး (သာဂဒိုး)မိသားစုက ငွေကျပ် ၃၀၀၀၀၀၊ မင်္ဂလာတောင်ညွန့်မြို့နယ်စာပေနှင့်စာနယ်ဇင်း အဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်)နှင့် အတွင်းရေးမှူး ဦးရဲဇော်တို့က ငွေကျပ် ၁၀၀၀၀၀၊ ဆရာမကြီး နီနီ(မြန်မာစာ)က ငွေကျပ်၃၀၀၀၀၊ မရမ်းကုန်းမြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ ကွယ်လွန်သူဗိုလ်ရဲကျော်သူဝင်းအား ရည်စူး၍ ဒုတိယဗိုလ်မှူးကြီးဝင်းမောင်-ဒေါ်ခင်ဆွေတင့်၊ နိုင်မျိုးသစ္စာ(နမ္မတူ)၊ သိန်းဇော်(ရွှေလီဦး)-ဒေါ်ရီဝင်း၊ သား မောင်ကျော်ဇေယျာလွင်၊ မရမ်းကုန်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုး (မောင်ကျေးဇူး)နှင့် စမ်းချောင်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့တို့က ငွေကျပ် ၁၀၀၀၀စီ တို့ကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)၊ ဒုတိယဥက္ကဋ္ဌ(၁) ဦးတင်ခ(တက္ကသိုလ်တင်ခ)၊ အတွင်းရေးမှူး ဒေါက်တာ တင်ထွန်းဦး(ဒေါက်တာတင်ထွန်းဦး)နှင့် တာဝန်ရှိသူတို့က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ အမှတ် ၅၂၉/၅၃၁ ကုန်သည်လမ်းနှင့် ၃၇လမ်းထောင့် စာပေဗိမာန်(ဒုတိယထပ်) ဖုန်း-၀၁-၂၅၂၄၁၇ နှင့် ၀၁-၃၈၅၂၇၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖလမ်းစည်ပင် အုတ်ရေလှောင်ကန်တည်ဆောက်

ဖလမ်း နိုဝင်ဘာ ၁

ဖလမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ငွေလုံးငွေရင်းလုပ်ငန်းဖြင့် ဖလမ်းမြို့နယ် ပါရီသဲကျေးရွာ ရေပေးရေးအုတ်ရေလှောင်ကန် တည်ဆောက်ပြီးစီးမှုကို ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူး ဦးမျိုးအောင် အောက်တိုဘာ ၁၆ရက်က ကွင်းဆင်း စစ်ဆေးပြီး အမှုဆောင်အရာရှိ ဦးထလာဟရဲက ဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

● *ရှေ့ဖုံးမှ*

ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ ဗဟိုအကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့် တိုင်းများမှ အကဲဖြတ်ပညာရှင်များ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှု လေ့လာရေးအဖွဲ့ဝင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ကြိုဆို

ရှေးဦးစွာ (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် ညနေ ၅နာရီတွင် အခမ်းအနားကျင်းပသည့် နေပြည်တော် မြို့တော်ခန်းမသို့ ရောက်ရှိလာရာ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်နှင့် ကော်မတီဝင်များက ကြိုဆိုကြသည်။

ထို့နောက် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကို ကျင်းပရာ (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် ယခု ကျင်းပပြီးစီးသွားသော (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို အနုပညာရှင်ကြီးများ၏ ကိုယ်စီအနုပညာစွမ်းအားဖြင့် ကိုယ်ရော စိတ်ပါ အင်တိုက်အားတိုက် ဝိုင်းဝန်း ကူညီပံ့ပိုးမှုများကြောင့် အောင်မြင်စွာ ကျင်းပနိုင်ခြင်းဖြစ်သည့်အတွက် ကျေးဇူးတင်ရှိပါသည်ဟု ဦးစွာပြောကြားလိုကြောင်း။

အဆင့်အတန်းမြင့်မား

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုကို ကိုယ်စားပြုနေသည့် မျက်နှာစာများတွင် အနုသုခုမပညာရပ်များသည် အရေးပါသည့် ကဏ္ဍက ပါဝင်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနှံ့အပြားတွင် နှစ်စဉ်နှင့်အမျှ ထပ်မံတွေ့ရှိနေရသည့် ရှေးဟောင်းယဉ်ကျေးမှု အထောက်အထားများအရ နှစ်ကာလထောင်သောင်းမက ရင့်ကျက် ရှည်ကြာခဲ့သည့် သက်တမ်းတစ်လျှောက် မြန်မာ့အနုသုခုမပညာရပ်များ ထွန်းကားခဲ့မှု၊ အဆင့်အတန်း မြင့်မားမှုများကို သက်သေပြလျက်ရှိကြောင်း။

သိမ်မွေ့သည့် ခံစားဖွဲ့ဆိုတီထွင်မှုများနှင့် သက်ဆိုင်ရာနည်းပညာရပ်များကို ပေါင်းစပ်ခြင်းဖြင့် မြန်မာ့ယဉ်ကျေးမှု ဂန္ထဝင်မြောက် အနုသုခုမပညာရပ်များကို ကာလကြာရှည် ရင့်ကျက်လာအောင် တည်ဆောက်ရယူခဲ့ကြရသကဲ့သို့ အနုပညာရှင်အသီးသီးအနေဖြင့်လည်း နိုင်ငံနှင့် လူမျိုးအတွက် အနုပညာစွမ်းအားဖြင့် ပေးဆပ်နိုင်ရေးအတွက် မိမိတို့၏ ဘဝတစ်လျှောက်လုံး သက်ဆိုင်ရာ အနုပညာ နယ်ပယ်အတွင်း ရင်းနှီးမြှုပ်နှံခဲ့ကြရကြောင်း၊ ခေတ်ကာလအဆက်ဆက်တွင် အနုပညာရှင်ကြီးများအနေဖြင့် အသွင်အမျိုးမျိုးဖြင့် ရိုက်ခတ်လာသည့် ယဉ်ကျေးမှုများကို မိမိတို့၏ ကိုယ်ပိုင်အမျိုးသားရေးအသိဖြင့် ကြံ့ကြံ့ခံရပ်တည်ရင်း ထိန်းသိမ်းထားနိုင်ခဲ့သည့်အတွက်လည်း ယနေ့ကာလတွင် မြန်မာ့ယဉ်ကျေးမှု အနုသုခုမပညာရပ်များ ဆက်လက်ရှင်သန်နေခြင်းဖြစ်ကြောင်း။

အားလုံးသိရှိကြပြီးဖြစ်သည့်အတိုင်း မိမိတို့အားလုံး မှီတင်းနေထိုင်ကြရာ မြန်မာနိုင်ငံတော်အနေဖြင့် တိုင်းရင်းသားမျိုးနွယ်စုပေါင်း ၁၀၀ကျော် သမိုင်းအစဉ်အဆက် စုစည်းနေထိုင်လာကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဖြစ်ကြောင်း၊ မြန်မာ့ယဉ်ကျေးမှု အနုသုခုမ ပညာရပ်များဆိုရာ၌လည်း တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး၏ ရိုးရာယဉ်ကျေးမှုများကို ကိုယ်စားပြုဖော်ဆောင်နေခြင်းပင်ဖြစ်ကြောင်း။

မြန်မာတိုင်းရင်းသား အနုသုခုမပညာရှင်များအနေဖြင့် ကိုယ်ပိုင်ယဉ်ကျေးမှု စရိုက်လက္ခဏာများ ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ကြိုးပမ်းခဲ့ကြသကဲ့သို့ ခေတ်ကာလအသီးသီးတွင် အမျိုးသားရေးဆိုင်ရာ သမိုင်းပေးတာဝန်များကိုလည်း ကျေကျေပွန်ပွန် ထမ်းရွက်ခဲ့ကြကြောင်း၊ ပြည်ထောင်စုဖွားတိုင်းရင်းသားများ၏ ပြည်ပကျူးကျော်မှု အန္တရာယ်အသွယ်သွယ်ကို ရင်ဆိုင် တွန်းလှန်စဉ်ကာလများ၊ စုစည်းညီညွတ်သည့် နိုင်ငံအဖြစ် ထူထောင်နိုင်ရေး ကြိုးပမ်းစဉ် ကာလများအားလုံးတွင် အနုပညာရှင်များအနေဖြင့် အင်အားကြီးမားသည့် အနုပညာစည်းရုံးလှုံ့ဆော်မှုစွမ်းအားများနှင့် နိုင်ငံ့အကျိုးသယ်ပိုးခဲ့ကြသည့် သမိုင်းအစဉ်အလာကြီးမားမှုများနှင့်အညီ ယနေ့ထက်တိုင် စွမ်းဆောင်လျက်ရှိနေသည်ကို တွေ့ရကြောင်း။

မမေ့မလျော့

ယခုကဲ့သို့ အစဉ်အလာကောင်းများကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးဝေရာ၌ အနုပညာရပ်အသီးသီး၏ နောက်ကွယ်တွင် အင်အားကြီးမားစွာ ကိန်းအောင်းနေသည့် အမျိုးသားရေးအတွေးအခေါ်များ၊ အမျိုးသားရေးစရိုက်လက္ခဏာများ၊ မြန်မာတိုင်းရင်းသားများ၏ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာ ယဉ်ကျေးမှု အမွေအနှစ်များကိုလည်း မမေ့မလျော့ ညွှန်ပြပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ယနေ့အချိန်အခါသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်နှင့်အညီ ကြိုးပမ်းနေချိန်ဖြစ်ကြောင်း၊ ခေတ်အဆက်ဆက်တွင် တိုင်းရင်းသားပြည်သူများအားလုံးအနေဖြင့် တည်ငြိမ်အေးချမ်းမှု အခြေအနေကောင်းများ၊ ဖွံ့ဖြိုးတိုးတက်မှု ရလဒ်ကောင်းများကို မျှော်မှန်းကြိုးပမ်းခဲ့ကြရာတွင် အဓိကလိုအပ်ချက်သည် တိုင်းရင်းသားများအကြား ခိုင်မာသည့် အမျိုးသားစည်းလုံးညီညွတ်မှုကို တည်ဆောက်ရေးပင်ဖြစ်ကြောင်း။

သမိုင်းအဆက်ဆက် အမျိုးသားစည်းလုံးညီညွတ်ရေး အားနည်းချိန်များတွင် တိုင်းတစ်ပါးလက်အောက်ကျရောက်ပြီး အချုပ်အခြာအာဏာ ဆုံးရှုံးခဲ့ရသကဲ့သို့ အမျိုးသားစည်းလုံးညီညွတ်ရေးကို ခိုင်မာစွာ တည်ဆောက်ထားနိုင်သည်နှင့်အမျှ အမျိုးသားစွမ်းအားတောင့်တင်းခိုင်မာမှုနှင့်အတူ နိုင်ငံတကာအလယ်တွင် လွတ်လပ်ပြီး အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲသော နိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့သည်ကို မြန်မာ့သမိုင်းတွင် အထင်အရှားတွေ့ရှိရကြောင်း။

ဆက်လက်ကြိုးပမ်း

ထို့ကြောင့် ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့မှု၊ စည်းရုံးစေ့ဆော်မှုစွမ်းအား ကြီးမားသည့် အနုသုခုမပညာရပ်များကို အမွေဆက်ခံထိန်းသိမ်းပြီး မျိုးဆက်သစ် လူငယ်များသို့ လက်ဆင့်ကမ်းတာဝန်များကို ကျေပွန်စွာ ဆောင်ရွက်လျက်ရှိသည့် အနုပညာရှင်ကြီးများအနေဖြင့် တိုင်းရင်းသား ပြည်သူများအတွင်း ခိုင်မာသည့် အမျိုးသားစည်းလုံးညီညွတ်မှုကို တည်ဆောက်ထားနိုင်ရေးအတွက် ယဉ်ကျေးမှု မျက်နှာစာမှ မိမိတို့တတ်ကျွမ်းသည့် အနုပညာရပ်များဖြင့် ဆက်လက်ကြိုးပမ်းသွားကြမည်ဟု ယုံကြည်ပါကြောင်း။

ယခုကဲ့သို့ မင်္ဂလာရှိသည့်ညချမ်းတွင် ပညာရှင်အနုပညာရှင်ကြီးများအနေဖြင့် ကာယသုခ၊ စိတ္တသုခပြည့်စုံစွာဖြင့် မြန်မာ့အနုသုခုမပညာရပ်ဆိုင်ရာ အမျိုးသားရေးတာဝန်များ ဆက်လက်ထမ်းဆောင်နိုင်ရေးအတွက် ဆုမွန်ကောင်းတောင်းကြပါစို့ဟု ပြောကြားရင်း နိဂုံးချုပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြိုင်ပွဲကျင်းပရေးနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက အကဲဖြတ်ပညာရှင်များဖြစ်ကြသော အဆိုအကဲဖြတ် ပညာရှင်များကိုယ်စား အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်မြ၊ အကအကဲဖြတ် ပညာရှင်များကိုယ်စား အက အကဲဖြတ်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌဦးစိန်မာဒင်၊ အရေးအကဲဖြတ်ပညာရှင်များကိုယ်စား အရေးအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌဦးမောင်မောင်လတ်နှင့် အတီးအကဲဖြတ်ပညာရှင်များကိုယ်စား အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ ဒုတိယ ဥက္ကဋ္ဌဦးအောင်ကိန်းတို့အားလည်းကောင်း၊ အခမ်းအနားမှူးများကိုယ်စား မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဦးလှဝင်းအားလည်းကောင်း၊ တေးသံရှင်များကိုယ်စား ပျဉ်းမနားမြင့်လှိုင်အားလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အကဲဖြတ်ပညာရှင်များကိုယ်စား အရေးအကဲဖြတ်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်လတ်က ကျေးဇူးတင်စကားပြောကြားသည်။

ဖျော်ဖြေတင်ဆက်

ဆက်လက်၍ ဖျော်ဖြေရေးအစီအစဉ်ဖြင့် တင်ဆက်ရာ အကပြိုင်ပွဲ၌ ဆုရရှိခဲ့ကြသည့် ပြိုင်ပွဲဝင်များက နှစ်ပါးသွား အကပဒေသာဖြင့် လည်းကောင်း၊ အနုပညာရှင်များက ဂီတလုလင်ဦးကိုကို ရေးစပ်သီကုံးသော ပြန်လည်ဆုံစည်းကြမယ် တေးသီချင်းကို အဆို၊ အကများဖြင့်လည်းကောင်း အသီးသီး ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် အနုပညာရှင်ကြီးများ၊ အကဲဖြတ်ပညာရှင်များနှင့် တက်ရောက်လာကြသူများအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဂုဏ်ပြုညစာစားပွဲအပြီးတွင် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ **(သတင်းစဉ်)**

(၁၇)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး အရေးအကဲဖြတ် ပညာရှင်များကိုယ်စား အရေးအကဲဖြတ်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်လတ်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

Air Bagan Open Golf Championships
ဂေါက်သီးရိုက်ပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် Myanmar P.G.A တို့ကကြီးမှူး၍ Air Bagan Ltd. က အဓိကကူညီပံ့ပိုးသော မြန်မာပြည်တွင်း ပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ(Myanmar Golf Tour 2009-2010)တတိယပွဲစဉ်အဖြစ် Air Bagan Open Golf Championships (ပြင်ဦးလွင်) ဂေါက်သီးရိုက်ပြိုင်ပွဲ၏ တတိယနေ့ ပွဲစဉ်ကို အောက်တိုဘာ ၃၁ ရက် နံနက် ၇နာရီ၁၅မိနစ်တွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့၊ ပြင်ဦးလွင်ဂေါက်ကလပ်၌ ဆက်လက်ကျင်းပသည်။

ဦးဆောင်ကစား

တတိယနေ့ ၁၈ကျင်း ပြိုင်ပွဲအပြီးတွင် Professional Golfers ပြိုင်ပွဲ၌ ဇော်ဇော်လတ်(Srixon)ကသုံးရက်ပေါင်းရိုက်ချက် ၂၁၁ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိပြီး မျိုးမင်းအောင်(Pro Golf Shop)နှင့် စိုးကျော်နိုင်(Srixon)တို့က သုံးရက်ပေါင်းရိုက်ချက် ၂၁၅ချက်စီဖြင့် ဒုတိယလိုက်နေကြသည်။

အမျိုးသား အပျော်တမ်းပြိုင်ပွဲတွင် မောင်မောင်ဦးက သုံးရက်ပေါင်းရိုက်ချက် ၂၀၇ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိပြီး ဘိုဘို(မြန်မာ့လက်ရွေးစင်)က သုံးရက်ပေါင်းရိုက်ချက် ၂၁၇ချက်ဖြင့် ဒုတိယ၊ နိုင်ရဲလင်းက သုံးရက်ပေါင်းရိုက်ချက် ၂၂၁ချက်ဖြင့် တတိယလိုက်နေကြသည်။

ပံ့ပိုးကူညီ

အဆိုပါပြိုင်ပွဲကို Main Sponsor အဖြစ် Air Bagan Ltd., ကအဓိကကူညီပံ့ပိုးပြီး Co-Sponsors များအဖြစ် International Beverages Trading Co.,Ltd. (IBTC), KBZ Bank Ltd. Hotel Yangon, KM Golf Centre, HAN Golf Masters Pte.,Ltd. Myanmar Thiha Trading Co., Ltd., Bay of Bengal Resort (BOB), (INAX, T-Home), CEPSA Lubricantes, ACCEL International Co.,Ltd.(Canon), Imperial Jade Purified Drinking Water, Lifeline Co.,Ltd. GP Watch, နှင့် ပြင်ဦးလွင် ဂေါက်သီးရိုက်အသင်းတို့က ထပ်မံပံ့ပိုးကူညီကြသည်။

(ဂေါက်သီးအဖွဲ့ချုပ်)

အမျိုးသား အပျော်တမ်းပြိုင်ပွဲ၌ ဦးဆောင်ကစားလျက်ရှိသည့် မောင်မောင်ဦး ယှဉ်ပြိုင်စဉ်။ (ဂေါက်သီးအဖွဲ့ချုပ်)

ကံထူးရှင်ရွေးချယ်

ရန်ကုန် နိုဝင်ဘာ ၁

ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲ၏ အကြိမ်(၂၅၀) မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသောဆုကြီးများမှာ အောက်ပါအတိုင်းဖြစ်သည်-

ကျပ်သိန်း၁၀၀၀ဆု

ခ-၁၈၈၉၀၄

ကျပ်သိန်း၅၀၀ဆု

ဓ-၅၀၁၀၄၃

ကျပ်သိန်း၃၀၀ဆုများ

ဈ	-	၁၆၅၁၆၅	ဗ	-	၅၇၆၂၇၅

ကျပ်သိန်း၂၀၀ဆုများ

ဌ	-	၈၄၃၂၇၁	ဌ	-	၄၂၉၄၅၀
ဋ	-	၁၆၅၁၆၅	ဓ	-	၄၆၄၃၆၄

ဖ-၁၅၈၆၂၅

ကျပ်သိန်း၁၀၀(မင်္ဂလာစုံတွဲစနစ်) ဆုမဲများ

ဏ	-	၁၁၂၈၀၈	ဆ	-	၆၁၀၉၄၀
ဒ	-	၉၀၃၄၉၆	ပ	-	၃၀၅၆၄၀
စ	-	၄၄၂၂၆၄	ဏ	-	၁၅၇၇၁၁
ပ	-	၇၆၈၈၀၆	ဓ	-	၉၀၁၇၉၇
ဏ	-	၁၃၇၂၀၈	တ	-	၄၈၇၆၃၃
န	-	၁၀၅၅၉၆	ဈ	-	၇၀၈၉၈၂

ည-၃၈၉၅၅၃

တောင်ပိုင်းဒေသများ၌ မိုးပိုမိုလာနိုင်

ရန်ကုန် နိုဝင်ဘာ ၁

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ဧရာဝတီတိုင်းတွင် နေရာကျဲကျဲနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ ညအပူချိန်များမှာ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်း တို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့ပါသည်။ ထူးခြားသည့် ညအပူချိန်များမှာ လွိုင်လင်မြို့တွင် ၅ဒီဂရီစင်တီဂရိတ်နှင့် ဟားခါးမြို့တွင် ၆ဒီဂရီ စင်တီဂရိတ်တို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပုသိမ်မြို့တွင် ၁ ဒသမ ၃၈လက်မနှင့် ညောင်တုန်းမြို့တွင် ၀ ဒသမ ၃၀ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့၌ တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

နိုဝင်ဘာ ၂ရက် ညနေအထိခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

လူမှုဝန်ထမ်း ဦးစီးဌာန အလုံမြို့နယ် အမှတ်(၄) မူလတန်းကြိုကျောင်း၏ရင်သွေးငယ်များ ဉာဏ်စွမ်းရည်ပြိုင်ပွဲ ဆုပေးပွဲကို အောက်တိုဘာ၂၃ရက်က ကျောင်းခန်းမ၌ ကျင်းပရာ ပန်းချီဆေးရောင်ခြယ် ပြိုင်ပွဲဆုရ ရင်သွေးငယ် မဆုသျှားလဲ့စိုးအား လူမှုဝန်ထမ်း ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိန်ဝင်းက ဆုချီးမြှင့်စဉ်။ (၁၂၃)

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား စောင်းအတီးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းမှ မောင်ဝေဖြိုးနိုင်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ အခြေခံပညာအဆင့် (အသက် ၁၀နှစ်မှ ၁၅နှစ်) အမျိုးသား စောင်းအတီးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းမှ မောင်ဉာဏ်လင်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား ပတ္တလားပြိုင်ပွဲတွင် ပထမဆုရ မန္တလေးတိုင်းမှ ဦးကောင်းသန့်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် အခြ... ၁၀နှစ်မှ ၁၅နှစ်) အမျိုးသား စန္ဒရားအတီးပြိုင်ပွဲ... တိုင်းမှ မောင်သူရမြတ်မင်းစံအား ဆုချီးမြှင့်စဉ်...

✻ ကျောဖုံးမှ

ကော်မတီဝင်များ၊ ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ဗဟို အကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်ပညာရှင်များ၊ ပြိုင်ပွဲဝင် အသင်းကြီးကြပ်အုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင်များ၊ လေ့လာရေး တိုင်းရင်းသား တိုင်းရင်းသူများ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆုချီးမြှင့်ပွဲအခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဦးလှဝင်း၊ဒေါ်လိန်းမောင်ပန်နှင့်ဒေါ်မြကြေးမုံတို့က ဆောင်ရွက်ကြပြီး အခမ်းအနားအစီအစဉ်များကို ဖတ်ကြားကြေညာသည်။

ထို့နောက် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက မိန့်ခွန်းပြောကြားသည်။

ဆုများပေးအပ်

ထို့နောက် ပြိုင်ပွဲကျင်းပရေးနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက အဆိုပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား မဟာဂီတပြိုင်ပွဲ၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား မဟာဂီတပြိုင်ပွဲ၊ အဆင့်မြင့်ပညာ အဆင့် အမျိုးသား မဟာဂီတပြိုင်ပွဲ၊ အခြေခံပညာအဆင့် (အသက် ၁၅နှစ်မှ ၂၀) အမျိုးသား မဟာဂီတပြိုင်ပွဲ၊ အခြေခံပညာအဆင့်(အသက် ၁၀နှစ်မှ၁၅နှစ်) အမျိုးသားမဟာဂီတပြိုင်ပွဲနှင့် အခြေခံပညာအဆင့် (အသက် ၅နှစ်မှ ၁၀နှစ်) အမျိုးသား မဟာဂီတပြိုင်ပွဲတို့၌ ဆုရရှိကြသူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်က အဆိုပြိုင်ပွဲ၏ မဟာဂီတအဆင့်အလိုက် အမျိုးသမီးပြိုင်ပွဲများ၌ ဆုရရှိကြသူများအားလည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအုန်းမြင့်က အဆိုပြိုင်ပွဲ၏ ခေတ်ဟောင်း/ကာလပေါ်တေး အဆင့်အလိုက် အမျိုးသား ပြိုင်ပွဲများ၌ ဆုရရှိကြသူများအားလည်းကောင်း၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က အဆိုပြိုင်ပွဲ၏ ခေတ်ဟောင်း/ကာလပေါ်တေး အဆင့်အလိုက် အမျိုးသမီးပြိုင်ပွဲများ၌ ဆုရရှိကြသူများအားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်နှင့် သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်တို့က အကပြိုင်ပွဲနှင့် ကွက်စိပ်ပြိုင်ပွဲတို့၌ ဆုရရှိကြသူများအား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ချီးမြှင့်

ယင်းနောက် ပြိုင်ပွဲကျင်းပရေးနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက ရုပ်စုံသဘင် ဝါသနာရှင်အဆင့် (ပထမတန်း) ဣလ္လိသဒ္ဒိစိတ္တ ဇာတ်တော်ပြိုင်ပွဲ၊ ရုပ်သေးပြိုင်ပွဲ၊ ဝါသနာရှင်အဆင့် (ပထမတန်း) သားကောင်းရတနာ ပြဇာတ်ပြိုင်ပွဲနှင့် ဝါသနာရှင်အဆင့် (ပထမတန်း) ဇာတ်သဘင် ဥဂ္ဂသေန ဇာတ်တော်ကြီးပြိုင်ပွဲတို့၌ ဆုရရှိကြသူများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က အရေးပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ပထမတန်း) အရေးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ ဒေါ်မူမူဆွေ၊ ဒုတိယဆုရ ကယားပြည်နယ်မှ ဦးသန်းရှိန်နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ တက္ကသိုလ်ဆန်နီ၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အရေးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ ဦးသန်းဝင်း၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ ဦးထွန်းသန်း(ခ)ဦးသိန်းတန်နှင့် တတိယဆုရ ကရင်ပြည်နယ်မှ ဒေါ်ကျင်မြိုင်၊ အဆင့်မြင့်ပညာအဆင့် အရေးပြိုင်ပွဲ၌ ပထမဆုရ စစ်ကိုင်းတိုင်းမှ မောင်ပြည့်ထွန်းနိုင်၊ ဒုတိယဆုရ ကယားပြည်နယ်မှ မချောစုနှင့် တတိယဆုရ မွန်ပြည်နယ်မှ မရွှေမိမိအောင်တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အရေးပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ပထမတန်း)ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုရရှိသူ ရန်ကုန်တိုင်းမှ ဒေါ်မူမူဆွေက ၄င်းရေးသားပြိုင်ပွဲဝင်ခဲ့သော တေးသီချင်းဖြင့် သီဆိုဖျော်ဖြေ တင်ဆက်သည်။

စောင်းအတီးပြိုင်ပွဲဆု

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက အတီးပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား စောင်းပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်ဝေဖြိုးနိုင်၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မောင်သော်ဇင်ဝင်းနှင့် တတိယဆုရ မွန်ပြည်နယ်မှ ဦးချမ်းသာ၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား စောင်းပြိုင်ပွဲ၌ ပထမဆုရ တနင်္သာရီတိုင်းမှ ဦးဟန်စိုး၊ ဒုတိယဆုရ မွန်ပြည်နယ်မှ ဦးခင်မောင်ဆန်းနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ ဦးအောင်စိုးလွင်၊ အဆင့်မြင့်ပညာအဆင့် အမျိုးသား စောင်းပြိုင်ပွဲ၌ ပထမဆုရ ပဲခူးတိုင်းမှ မောင်ကံဦးအောင်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်ဟန်ဝင်းထွဋ်နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မောင်မြတ်မိုးပိုင်(ခ)ပိုင်ပိုင်၊ အခြေခံပညာအဆင့် (အသက် ၁၅နှစ်မှ ၂၀) အမျိုးသား စောင်းပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မောင်သိပ်ချစ်အောင်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်မိုးမြင့်ဆက်နှင့် တတိယဆုရ မန္တလေးတိုင်းမှ မောင်လှိုင်းကိုကိုတို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက အတီးပြိုင်ပွဲ၏ အခြေခံပညာအဆင့် (အသက် ၁၀နှစ်မှ ၁၅နှစ်) အမျိုးသား စောင်းပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်ဉာဏ်လင်း၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်ဝိုင်းလမင်းအောင်နှင့် တတိယဆုရ ပဲခူးတိုင်းမှ မောင်ပြည့်သော်တာအောင်၊ အခြေခံပညာအဆင့် (အသက် ၅နှစ်မှ ၁၀နှစ်) အမျိုးသား စောင်းပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်ခန့်မျိုးနောင်(ခ)ဒဂိ၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မောင်ရဲထက်အောင်နှင့် တတိယဆုရ ဧရာဝတီတိုင်းမှ မောင်အောင်အောင်၊ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီး စောင်းပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မဇာဇာအေး၊ ဒုတိယဆုရ ဧရာဝတီတိုင်းမှ ဒေါ်တင်နီလာဝင်းနှင့် တတိယဆုရ မန္တလေးတိုင်းမှ မနန္ဒာအေး၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီး စောင်းပြိုင်ပွဲ၌ ပထမဆုရ စစ်ကိုင်းတိုင်းမှ မမေဇော်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မခင်အေးမွန်နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ ဒေါ်တင်တင်ဌေးတို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အတီးပြိုင်ပွဲ၏ အဆင့်မြင့်ပညာအဆင့် အမျိုးသမီး စောင်းပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မနန်းသီရိခင်ခင်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မမို့မို့စံနှင့် တတိယဆုရ မန္တလေးတိုင်းမှ မအေးစုကျော်၊ အခြေခံပညာအဆင့် (အသက် ၁၅နှစ်မှ ၂၀) အမျိုးသမီး စောင်းပြိုင်ပွဲ၌ ပထမဆုရ စစ်ကိုင်းတိုင်းမှ မဟိန်းထက်၊ အခြေခံပညာအဆင့် (အသက် ၁၀နှစ်မှ ၁၅နှစ်) အမျိုးသမီး စောင်းပြိုင်ပွဲ၌ ပထမဆုရ ဧရာဝတီတိုင်းမှ မမေမြတ်တင်၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မမြတ်ကေသွယ်ကျော်နှင့် တတိယဆုရ မန္တလေးတိုင်းမှ မသိမ့်ကြည်လင်လင်စိမ့်၊ အခြေခံပညာအဆင့် (အသက် ၅နှစ်မှ ၁၀နှစ်) အမျိုးသမီး စောင်းပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မအိအိခိုင်၊ ဒုတိယဆုရ ဧရာဝတီတိုင်းမှ မခိုင်သင်းကြည်နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မအိဇွန်ဖူးနိုင်တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အတီးပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား ပတ္တလားပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ ဦးကောင်းသန့်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ ဦးခင်ရီနှင့် တတိယဆုရ မန္တလေးတိုင်းမှ ဦးကျော်မိုးနိုင်၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား ပတ္တလားပြိုင်ပွဲ၌ ပထမဆုရ ပဲခူးတိုင်းမှ ဦးမင်းသူနိုင်၊ ဒုတိယဆုရ မန္တလေးတိုင်းမှ ဦးဝင်းထွန်းဦးနှင့် တတိယဆုရ စစ်ကိုင်းတိုင်းမှ တက္ကသိုလ် ဦးမျိုးသူ၊ အဆင့်မြင့်ပညာအဆင့် အမျိုးသား ပတ္တလားပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မောင်အောင်ဗိုလ်မင်း၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မောင်ပြည့်ဖြိုးမောင်နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မောင်စိုးသီဟ၊ အခြေခံပညာအဆင့် (အသက် ၁၅နှစ်မှ ၂၀) အမျိုးသား ပတ္တလားပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မောင်ဗိုလ်ထူး၊ ဒုတိယဆုရ တန... လင်းနှင့် တတိယဆုရ မကွေးတိုင်းမှ မောင်အောင်... ချီးမြှင့်သည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဝန်... အတီးပြိုင်ပွဲ၏ အခြေခံပညာအဆင့် (အသက် ၁... ပတ္တလားပြိုင်ပွဲ၌ ပထမဆုရ ဧရာဝတီတိုင်းမှ မော... မန္တလေးတိုင်းမှ မောင်ဇော်ဇော်အောင်နှင့်တတိယဆု... ချစ်အောင်၊ အခြေခံပညာအဆင့် (အသက် ၅နှစ်မှ... ပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်မြတ်ဖုန်း... တိုင်းမှ မောင်ရဲသူနှင့် တတိယဆုရ မန္တလေးတိုင်းမှ... ရှင်အဆင့် (ပထမတန်း) အမျိုးသမီး ပတ္တလားပြိုင်ပွဲ... မပေါက်ကျော်မ၊ ဒုတိယဆုရ မွန်ပြည်နယ်မှ မဘို... တိုင်းမှ မသဉ္ဇာမျိုး၊ ဝါသနာရှင်အဆင့် (ဒုတိယ... ပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မနန္ဒာလင်း၊ ... မြန်မာပြည်စိမ်းနှင့် တတိယဆုရ ပဲခူးတိုင်းမှ ဒေါ်... ပေးအပ်ချီးမြှင့်သည်။

ပတ္တလားအတီးပြိုင်ပွဲ...

ယင်းနောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန... က အတီးပြိုင်ပွဲ၏ အဆင့်မြင့်ပညာအဆင့် အမျိုး... ပထမဆုရ မန္တလေးတိုင်းမှ မနေရည်အောင်၊ ... မမေသကြာနှင့် တတိယဆုရ မန္တလေးတိုင်းမှ မဝ... အဆင့် (အသက် ၁၅နှစ်မှ ၂၀) အမျိုးသမီး ... ရန်ကုန်တိုင်းမှ မရတနာလင်း၊ ဒုတိယဆုရ ရန်ကု... တတိယဆုရ စစ်ကိုင်းတိုင်းမှ မကေသီခိုင်၊ အ... ၁၀နှစ်မှ ၁၅နှစ်) အမျိုးသမီး ပတ္တလားပြိုင်ပွဲ၌ ... မသဇင်ထွေး၊ ဒုတိယဆုရ ကယားပြည်နယ်မှ မရွှေ... ရန်ကုန်တိုင်းမှ မပပပြည့်ဖြိုး၊ အခြေခံပညာအဆင့်... အမျိုးသမီး ပတ္တလားပြိုင်ပွဲ၌ ပထမဆုရ စစ်ကိုင်းတိ... ဒုတိယဆုရ ကချင်ပြည်နယ်မှ မဆုမြတ်နဒီမောင်န... မှ မသဲအိအိသွယ်တို့အား ဆုများ ပေးအပ်ချီးမြှ...

ဆက်လက်၍ တရားသူကြီးချုပ် ဦးအောင်တိ... ရှင်အဆင့် (ပထမတန်း) အမျိုးသား စန္ဒရားပြိုင်ပွဲ၌... ဦးအောင်အောင်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်... မကွေးတိုင်းမှ ဦးကျော်ဌေး၊ ဝါသနာရှင်အဆင့်(ဒုတိ... ပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်ရဲမင်းဟန်၊ ... တက္ကသိုလ်ဦးမျိုးသူနှင့်တတိယဆုရ မန္တလေးတိုင်းမှ... ပညာအဆင့် အမျိုးသား စန္ဒရားပြိုင်ပွဲ၌ ... မောင်အောင်ကျော်မိုး၊ ဒုတိယဆုရ မန္တလေးတို... တတိယဆုရ ရန်ကုန်တိုင်းမှ မောင်မင်းရဲဇော်၊ အ... ၁၅နှစ်မှ ၂၀) အမျိုးသား စန္ဒရားပြိုင်ပွဲ၌ ပထမဆုရ... အောင်၊ ဒုတိယဆုရ မွန်ပြည်နယ်မှ မောင်ရန်မ... ရန်ကုန်တိုင်းမှ မောင်ဇင်မင်းဗိုလ်တို့အား ဆုများ...

စန္ဒရားအတီးပြိုင်ပွဲဆု...

ယင်းနောက် စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွ... အခြေခံပညာအဆင့် (အသက် ၁၀နှစ်မှ ၁၅နှစ်) ... ပထမဆုရ မန္တလေးတိုင်းမှ မောင်သူရမြတ်မင်းစံ၊ ... မောင်အောင်စည်မင်းထက်နှင့် တတိယဆုရ ရှမ်းပြ... အခြေခံပညာအဆင့် (အသက် ၅နှစ်မှ ၁၀နှစ်) ... ပထမဆုရ ပဲခူးတိုင်းမှ မောင်ရဲမင်းထက်၊ ဒု... မောင်ဉာဏ်လင်းထက်နှင့် တတိယဆုရ ရှမ်းပြည်န... ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီး ... မန္တလေးတိုင်းမှ မလွင်မီထွန်းနှင့် ဒုတိယဆုရ ရန်... ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီး ... ပဲခူးတိုင်းမှ ဒေါ်တင်ဇာအေးလွင်၊ ဒုတိယဆုရ ဧ... ချိုထွန်းနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ ဒေါ်... ပေးအပ်ချီးမြှင့်သည်။



ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး

မော်လမြိုင် ကော့ခမယ်ကျေးရွာ အထကတွင် ဟောပြော

ရန်ကုန် နိုဝင်ဘာ ၁

မွန်ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ ကြီးကြပ်စီစဉ်မှုဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲကို အောက်တိုဘာ ၂၂ရက်တွင် မော်လမြိုင်မြို့နယ် ကော့ခမယ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းအေးက အမှာစကားပြောကြားပြီး မွန်ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဝင် တာဝန်ခံ(ယာဉ်ထိန်း) ဒုတိယရဲမှူးမြင့်အေးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သိရှိလိုက်နာစေရေးအကြောင်းကိုလည်းကောင်း၊ **(အပေါ်ပုံ)** ဒုတိယရဲအုပ်နိုင်မင်းက စက်ဘီးစီးနင်းသူများနှင့် ခြေကျင်လျှောက်သူများ လိုက်နာရမည့် စည်းကမ်းချက်များကိုလည်းကောင်း၊ ဒုတိယရဲအုပ်အောင်အောင်နိုင်က ဆိုင်ကယ်မောင်းနှင်သူများလိုက်နာရမည့် စည်းကမ်းချက်များနှင့် လမ်းစည်းကမ်းလိုက်နာစေရေးအတွက် လက်အချက်ပြစနစ်ကိုလည်းကောင်း ဟောပြောပို့ချပြသကြပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး အသိပညာပေး ဇာတ်လမ်းစီဒီခွေကို ပြသသည်။

ကျေးဇူးတင်စကား

ထို့နောက် တာဝန်ခံ(ယာဉ်ထိန်း) ဒုတိယရဲမှူးမြင့်အေးက ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းလိုက်နာရေး အသိပညာပေး ဇာတ်လမ်းစီဒီခွေနှင့် လက်ကမ်းစာစောင်များကို ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းအေးက လက်ခံယူပြီး ကျေးဇူးတင်စကား ပြောကြားသည်။

လေ့လာနိုင်ရန်

ယင်းနောက် ယာဉ်ထိန်းတပ်ဖွဲ့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာစေရန်အတွက် မှတ်တမ်းဓာတ်ပုံများ၊ သိသင့်သိထိုက်သည့် အချက်အလက်များနှင့် လိုက်နာရန်စည်းကမ်းချက်များကို ယင်းကျောင်းတွင် ရက်သတ္တ တစ်ပတ်ကြာ ကြည့်ရှုလေ့လာနိုင်ရန် ပြသထားသည်။

အဆိုပါအဖွဲ့သည် မွန်ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ ကြီးကြပ်စီစဉ်မှုဖြင့် အောက်တိုဘာ တတိယပတ်မှ စတင်၍ မော်လမြိုင်ခရိုင် ခြောက်မြို့နယ်နှင့် သထုံခရိုင် လေးမြို့နယ်တို့ရှိ အခြေခံပညာအထက်တန်းကျောင်းများတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲများကို ကျင်းပသွားသည်။ **(သတင်းစဉ်)**

စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် အခြေခံပညာအဆင့် (အသက် ၁၀နှစ်မှ ၁၅နှစ်) အမျိုးသား စန္ဒရားအတီးပြိုင်ပွဲတွင် ပထမဆုရ မန္တလေးတိုင်းမှ မောင်သူရမြတ်မင်းစံအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ရှေ့နေချုပ် ဦးအေးမောင် အဆင့်မြင့်ပညာအဆင့် အမျိုးသမီး စန္ဒရားပြိုင်ပွဲတွင် ပထမဆုရ မန္တလေးတိုင်းမှ မချမ်းမြေ့သူအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော် ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီး မယ်ဒလင်ပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းမှ ဒေါ်မြနှင်းရည်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

မန္တလေးတိုင်းမှ မောင်ဗိုလ်ထူး၊ ဒုတိယဆုရ တနင်္သာရီတိုင်းမှ မောင်ဇော်တင့်လင်းနှင့် တတိယဆုရ မကွေးတိုင်းမှ မောင်အောင်ကိုကိုတို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက အတီးပြိုင်ပွဲ၏ အခြေခံပညာအဆင့် (အသက် ၁၀နှစ်မှ ၁၅နှစ်) အမျိုးသား ပတ္တလားပြိုင်ပွဲ၌ ပထမဆုရ ဧရာဝတီတိုင်းမှ မောင်အောင်ကိုဇော်၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မောင်ဇော်ဇော်အောင်နှင့်တတိယဆုရ မန္တလေးတိုင်းမှ မောင်သိပ်ချစ်အောင်၊ အခြေခံပညာအဆင့် (အသက် ၅နှစ်မှ၁၀နှစ်) အမျိုးသား ပတ္တလားပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်မြတ်ဖုန်းကျော်၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မောင်ရဲသူနှင့် တတိယဆုရ မန္တလေးတိုင်းမှ မောင်ရှင်းခန့်ဗိုလ်၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီး ပတ္တလားပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မပေါက်ကျော်မ၊ ဒုတိယဆုရ မွန်ပြည်နယ်မှ မဘိုမနှင့် တတိယဆုရ မန္တလေးတိုင်းမှ မသဥ္ဇာမျိုး၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီး ပတ္တလားပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မနန္ဒာလင်း၊ ဒုတိယဆုရ ဧရာဝတီတိုင်းမှ မြန်မာပြည်စိမ်းနှင့် တတိယဆုရ ပဲခူးတိုင်းမှ ဒေါ်ခိုင်သန္တာစိုးတို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ပတ္တလားအတီးပြိုင်ပွဲဆု

ယင်းနောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက အတီးပြိုင်ပွဲ၏ အဆင့်မြင့်ပညာအဆင့် အမျိုးသမီး ပတ္တလားအတီးပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မနေရည်အောင်၊ ဒုတိယဆုရ စစ်ကိုင်းတိုင်းမှ မမေသကြီန်နှင့် တတိယဆုရ မန္တလေးတိုင်းမှ မဝင်းမြတ်ကြည်၊ အခြေခံပညာအဆင့် (အသက် ၁၅နှစ်မှ ၂၀) အမျိုးသမီး ပတ္တလားပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မရတနာလင်း၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မဝင်းလဲ့လဲ့ထွန်းနှင့် တတိယဆုရ စစ်ကိုင်းတိုင်းမှ မကေသီခိုင်၊ အခြေခံပညာအဆင့် (အသက် ၁၀နှစ်မှ ၁၅နှစ်) အမျိုးသမီး ပတ္တလားပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မသဇင်ထွေး၊ ဒုတိယဆုရ ကယားပြည်နယ်မှ မရွှေရည်လဲ့လဲ့ဦးနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မပပပြည့်ဖြိုး၊ အခြေခံပညာအဆင့် (အသက် ၅နှစ်မှ ၁၀နှစ်) အမျိုးသမီး ပတ္တလားပြိုင်ပွဲ၌ ပထမဆုရ စစ်ကိုင်းတိုင်းမှ မကျော်တွယ်တာဟိန်း၊ ဒုတိယဆုရ ကချင်ပြည်နယ်မှ မဆုမြတ်နဒီမောင်နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မသဲအိအိသွယ်တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တရားသူကြီးချုပ် ဦးအောင်တိုးက အတီးပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား စန္ဒရားပြိုင်ပွဲ၌ ပထမဆုရ ဧရာဝတီတိုင်းမှ ဦးအောင်အောင်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်ပဇော်ဟိန်းနှင့် တတိယဆုရ မကွေးတိုင်းမှ ဦးကျော်ငွေး၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသား စန္ဒရားပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်ရဲမင်းဟန်၊ ဒုတိယဆုရ စစ်ကိုင်းတိုင်းမှ တက္ကသိုလ်ဦးမျိုးသူနှင့်တတိယဆုရ မန္တလေးတိုင်းမှ ဦးနေဇင်အောင်၊ အဆင့်မြင့်ပညာအဆင့် အမျိုးသား စန္ဒရားပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မောင်အောင်ကျော်မိုး၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မောင်နေမင်းထွန်းနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မောင်မင်းရဲဇော်၊ အခြေခံပညာအဆင့် (အသက် ၁၅နှစ်မှ ၂၀) အမျိုးသား စန္ဒရားပြိုင်ပွဲ၌ ပထမဆုရ စစ်ကိုင်းတိုင်းမှ မောင်ပါပါအောင်၊ ဒုတိယဆုရ မွန်ပြည်နယ်မှ မောင်ရန်မင်းအောင်နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မောင်ဇင်မင်းဗိုလ်တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

စန္ဒရားအတီးပြိုင်ပွဲဆု

ယင်းနောက် စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က အတီးပြိုင်ပွဲ၏ အခြေခံပညာအဆင့် (အသက် ၁၀နှစ်မှ ၁၅နှစ်) အမျိုးသား စန္ဒရားပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မောင်သူရမြတ်မင်းစံ၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်အောင်စည်မင်းထက်နှင့် တတိယဆုရ ရှမ်းပြည်နယ်မှ မောင်စိုင်းခေးလျှန်း၊ အခြေခံပညာအဆင့် (အသက် ၅နှစ်မှ ၁၀နှစ်) အမျိုးသား စန္ဒရားပြိုင်ပွဲ၌ ပထမဆုရ ပဲခူးတိုင်းမှ မောင်ရဲမင်းထက်၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မောင်ဉာဏ်လင်းထက်နှင့် တတိယဆုရ ရှမ်းပြည်နယ်မှ မောင်ဇေယျာလှိုင်ထွန်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီး စန္ဒရားပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မလွင်မီထွန်းနှင့် ဒုတိယဆုရ ရန်ကုန်တိုင်းမှ မခင်ခိုင်ခိုင်လဲ့၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီး စန္ဒရားပြိုင်ပွဲ၌ ပထမဆုရ ပဲခူးတိုင်းမှ ဒေါ်တင်ဇာအေးလွင်၊ ဒုတိယဆုရ ဧရာဝတီတိုင်းမှ ဒေါ်လွင်လွင်ချိုထွန်းနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ ဒေါ်ခင်စန်းလှိုင်တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ရှေ့နေချုပ် ဦးအေးမောင်က အတီးပြိုင်ပွဲ၏ အဆင့်မြင့်ပညာအဆင့် အမျိုးသမီး စန္ဒရားပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မချမ်းမြေ့သူ၊ ဒုတိယဆုရ စစ်ကိုင်းတိုင်းမှ မချိုသဲဇာနှင့် တတိယဆုရ မန္တလေးတိုင်းမှ မယဉ်ယဉ်နွယ်၊ အခြေခံပညာအဆင့် (အသက် ၁၅နှစ်မှ ၂၀) အမျိုးသမီး စန္ဒရားပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မငြိမ်းအေးသူ၊ အခြေခံပညာအဆင့် (အသက် ၁၀နှစ်မှ ၁၅နှစ်) အမျိုးသမီး စန္ဒရားပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မခင်ရတနာဦး၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မဆုပြည့်စုံမြင့်နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မခင်ယဉ်မင်းဆု၊ အခြေခံပညာအဆင့် (အသက် ၅နှစ်မှ ၁၀နှစ်) အမျိုးသမီး စန္ဒရားပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မမေနဒီအောင်၊ ဒုတိယဆုရ စစ်ကိုင်းတိုင်းမှ မနန်းနွမ်းလောင်နှင့် တတိယဆုရ ရှမ်းပြည်နယ်မှ မနန်းမွေခမ်းတို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်သန်းစိုးက အတီးပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား ဂီတာပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ ဦးသိန်းနိုင်၊ ဒုတိယဆုရ မွန်ပြည်နယ်မှ ဦးတင်ရွှေနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ ဦးလှမြင့်၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား ဂီတာပြိုင်ပွဲ၌ ပထမဆုရ မကွေးတိုင်းမှ ဦးကျော်မြင့်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ ဦးစိုးတင့်နှင့် တတိယဆုရ ဧရာဝတီတိုင်းမှ ဦးသက်အောင်စိုး၊ အဆင့်မြင့်ပညာအဆင့် အမျိုးသား ဂီတာပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်အောင်၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မောင်ဉာဏ်ဝင့်ထက်နှင့် တတိယဆုရ ပဲခူးတိုင်းမှ မောင်ကိုကိုဝင်း၊ အခြေခံပညာအဆင့် (အသက် ၁၅နှစ်မှ ၂၀) အမျိုးသား ဂီတာပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်စည်သူထွန်းနှင့် ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်စည်သူထက်အောင်တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ဂီတာအတီးပြိုင်ပွဲ

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မောင်မောင်အုန်းက အတီးပြိုင်ပွဲ၏ အခြေခံပညာအဆင့် (အသက် ၁၀နှစ်မှ ၁၅နှစ်) အမျိုးသား ဂီတာပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်ဝိုင်းလမင်းအောင်နှင့် ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်မင်းထွဋ်၊ အခြေခံပညာအဆင့် (အသက် ၅နှစ်မှ ၁၀နှစ်) အမျိုးသား ဂီတာပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်စောစကြာအောင်၊ ဒုတိယဆုရ ဧရာဝတီတိုင်းမှ မောင်ပိုမိုထက်အောင်နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မောင်အောင်သူရမြင့်လွင်၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီး ဂီတာပြိုင်ပွဲ၌ ပထမဆုရ ဧရာဝတီတိုင်းမှ ဒေါ်ဥမ္မာ၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ ဒေါ်မြနှင်းရည်နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ ဒေါ်နွေဇင်ဝင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီး ဂီတာပြိုင်ပွဲ၌ ပထမဆုရ ဧရာဝတီတိုင်းမှ မလွင်လွင်ချိုထွန်း၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မရွှက်နုခိုင်နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မထက်လေးရွှေဘို၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီး ဂီတာပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မလှလှဝင်း၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မနှင်းနန္ဒာအေးဝင်းနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မဆုလဲ့ရည်အောင်တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူက အတီးပြိုင်ပွဲ၏ အခြေခံပညာအဆင့် (အသက် ၁၅နှစ်မှ ၂၀) အမျိုးသမီး ဂီတာပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မပိုးအိကြည်သူဆန်း၊ ဒုတိယဆုရ ဧရာဝတီတိုင်းမှ မမေမြတ်တင်နှင့် တတိယဆုရ ပဲခူးတိုင်းမှ မဖြိုးဖြိုးလင်း၊ အခြေခံပညာအဆင့်(အသက်၁၀နှစ်မှ ၁၅နှစ်) အမျိုးသမီး ဂီတာပြိုင်ပွဲ၌ ပထမဆုရ ရှမ်းပြည်နယ်မှ မနန်းခင်မေဖူးဟန်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မသက်ထားဝေနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မခင်မြင့်မြတ်မောင်(ခ)ခင်မြန်မာ၊ အခြေခံပညာအဆင့် (အသက် ၅နှစ်မှ ၁၀နှစ်) အမျိုးသမီး ဂီတာပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မနှင်းအိခိုင်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မခင်ပြည့်စုံအောင်နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မယွန်းရွှေရည်ထူး၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား မယ်ဒလင်ပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ ဦးထွန်းနိုင်ဦး(ခ)မောင်ဖောင်း၊ ဒုတိယဆုရ မွန်ပြည်နယ်မှ ဦးဆန်းထွေးနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ ဦးမောင်မောင်လွင်(ခ)ပေါက်ခေါင်းမောင်မောင်လေးတို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

မယ်ဒလင်အတီးပြိုင်ပွဲ

ယင်းနောက် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်က အတီးပြိုင်ပွဲ၏ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသား မယ်ဒလင်ပြိုင်ပွဲ၌ ပထမဆုရ ရခိုင်ပြည်နယ်မှ ဦးအောင်နိုင်ဝင်း၊ ဒုတိယဆုရ မွန်ပြည်နယ်မှ ဦးဝင်းထွဋ်နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ ဦးငွေးဝင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသား မယ်ဒလင်ပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်အောင်၊ ဒုတိယဆုရ ပဲခူးတိုင်းမှ မောင်ကိုကိုဝင်းနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မောင်သော်တာထွန်း၊ အခြေခံပညာအဆင့် (အသက် ၁၅နှစ်မှ ၂၀) အမျိုးသား မယ်ဒလင်ပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်တိုးတိုး၊ ဒုတိယဆုရ မွန်ပြည်နယ်မှ မောင်ဝဏ္ဏနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မောင်ထက်ကိုကိုလင်း၊ အခြေခံပညာအဆင့် (အသက် ၁၀နှစ်မှ ၁၅နှစ်) အမျိုးသား မယ်ဒလင်ပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်စည်သူထွန်း၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်မင်းထွဋ်နှင့် တတိယဆုရ ရခိုင်ပြည်နယ်မှ မောင်ဝေဖြိုးပိုင်၊ အခြေခံပညာအဆင့် (အသက် ၅နှစ်မှ ၁၀နှစ်) အမျိုးသား မယ်ဒလင်ပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်သက်ထက်ပိုင်၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မောင်ရန်နိုင်ထွန်းနှင့် တတိယဆုရ ပဲခူးတိုင်းမှ မောင်စည်သူလွင်တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော်က အတီးပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီး မယ်ဒလင်ပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ ဒေါ်မြနှင်းရည်နှင့် ဒုတိယဆုရ ဧရာဝတီတိုင်းမှ ဒေါ်ဥမ္မာ၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီး မယ်ဒလင်ပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မနွေဇင်ဝင်း၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မအေးအေးကျော်နှင့် တတိယဆုရ ပဲခူးတိုင်းမှ မငုဝါထွန်း၊ အခြေခံပညာအဆင့် (အသက် ၁၅နှစ်မှ ၂၀) အမျိုးသမီး မယ်ဒလင်ပြိုင်ပွဲ၌ ပထမဆုရ ပဲခူးတိုင်းမှ မသိမ့်သိမ့်ထွေး၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မပိုးအိကြည်သူဆန်းနှင့် တတိယဆုရ ဧရာဝတီတိုင်းမှ မမေမြတ်တင်၊ အခြေခံပညာအဆင့် (အသက် ၁၀နှစ်မှ ၁၅နှစ်) အမျိုးသမီး မယ်ဒလင်ပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မအေးမြင့်မြတ်၊ ဒုတိယဆုရ ပဲခူးတိုင်းမှ မထက်ထက်လှိုင်နှင့် တတိယဆုရ ဧရာဝတီတိုင်းမှ မစုစုထက်အောင်၊ အခြေခံပညာအဆင့် (အသက် ၅နှစ်မှ ၁၀နှစ်) အမျိုးသမီး မယ်ဒလင်ပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မယွန်းရွှေရည်ထူး၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မနှင်းအိခိုင်နှင့် တတိယဆုရ ဧရာဝတီတိုင်းမှ မခိုင်သင်းကြည်တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

(သတင်းစဉ်)

ကချင်ပြည်နယ် ပြန်/ဆက်ဦးစီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး

မြစ်ကြီးနား နိုဝင်ဘာ ၁

ကချင်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၇ရက် နံနက်၁၀နာရီက ပြည်နယ်လက်ထောက် ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ညှိနှိုင်း

အစီအစဉ်အရ လက်ထောက်ညွှန်ကြားရေးမှူး ဦးညွှန့်ရွှေက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စံ(၅)ချက်နှင့် အညီ တည်ဆောက်ပြီး ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ရှင်သန်ဖွံ့ဖြိုးရေး၊ ဆက်လက် ဆောင်ရွက်ရမည့် စာကြည့်တိုက်များ စံ(၅)ချက်နှင့်အညီ သတ်မှတ်သည့်ကာလအတွင်း ပြီးစီးရေးအတွက် အရှိန်အဟုန်မြှင့် စီမံချက်ရေးဆွဲဆောင်ရွက်ရေး၊ နိုင်ငံတော်မတည်ငွေဖြင့် ဆောက်လုပ်လျက်ရှိသည့် စာကြည့်တိုက်များ ညွှန်ကြားချက်များနှင့်အညီ ဆောက်လုပ်ရေး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများ ရှင်သန်ထက်မြက်ရေးအတွက် ကွင်းဆင်း ဆောင်ရွက်ရေး ပြောကြားပြီး ခရိုင် ဦးစီးအရာရှိများဖြစ်ကြသည့် ဒေါ်မြင့်မြင့်ခိုင် (မြစ်ကြီးနား)၊ ဦးမာန်ငိုင်း (မိုးညှင်း)၊ ဦးမောင်မောင်ညွှန့် (ဗန်းမော်)တို့က မိမိခရိုင်အတွင်း လုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများ ညှိနှိုင်းကြသည်။

(ပြည်နယ်ပြန်/ဆက်)

ဥတုရာသီ

တောကိုမီ

ကွန်ကရစ်လမ်းသစ်ဖွင့်

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ၁/အနော်မာရပ်ကွက် ရွှေမေတ္တာအပြင်လမ်း ကိုယ့်အားကိုယ်ကိုး သံကူကွန်ကရစ်လမ်းမကြီး ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁ရက်က ယင်းလမ်းမုခ်ဦးရှေ့၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒေါ်သန်းသန်းငွေး၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်ဝင်းဦးနှင့် လမ်းဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကောင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (၁၁၆)

သာမညဖလ အခါတော်နေ့

ဦးကြိုင်မြင့် (ဆူးလေ)

မြန်မာတို့၏ ၁၂လရာသီပွဲတော်များအနက် တန်ဆောင်မုန်းလပြည့်နေ့တွင် တန်ဆောင်တိုင်မီးထွန်းပွဲတော်၊ ကထိန်သင်္ကန်းကပ်လှူ ပူဇော်သည့်ပွဲတော်၊ မသိုးသင်္ကန်းရက်လုပ် ဆက်ကပ်လှူဒါန်းပူဇော်သည့် ပွဲတော်၊ ဆေးပေါင်းခသည့် မဲဇလီဖူးသုပ် ဝေငှသောပွဲတော်နှင့် သာမညဖလ အခါတော်နေ့ပွဲတော်တို့ကို ကျင်းပလေ့ရှိကြသည်။ ထိုသို့ တန်ဆောင်မုန်းလပြည့်နေ့၏ နေ့ထူးနေ့မြတ်ကို ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့က သီတင်းကျွတ်ပွဲတော်နည်းတူ လဆန်း ၁၄ရက်နေ့၊ လပြည့်နေ့၊ လပြည့်ကျော်တစ်ရက်နေ့များတွင် ဘုရားစေတီ၊ ကျောင်းကန်၊ ဇရပ်၊ မိမိတို့နေထိုင်ရာ အိမ်ဂေဟာတို့၌ လမ်းအလိုက် ဆီမီးပူဇော်သည့် ပွဲသဘင်ကို ဆင်ယင်ကျင်းပလေ့ရှိကြပါသည်။

ဂေါတမဘုရားရှင်လက်ထက်တော်အခါက တန်ဆောင်မုန်းလပြည့်နေ့ညတွင် အဇာတသတ်မင်းသည် မှူးမတ်ပေါင်း စုံလင်စွာဖြင့် ညီလာခံသဘင် ဆင်ယင်ကျင်းပသည်။ ထိုအချိန်တွင် မိုးလေကင်းစင်ကာ မိုးကောင်းကင်တစ်ပြင်လုံး ဆီးနှင်းမြူတိမ် သူရိန်မီးခိုး ညစ်မျိုးငါးဝ ကင်းစင်ပပြီး ကြည်နူးသာယာဖွယ်ကောင်းသည့် တန်ဆောင်မုန်းလပြည့်နေ့ည၏ အလှအပကို အဇာတသတ်မင်းက ခံစားမိကာ-

ရမဏီယာ ဝတ = မွေ့လျော်ဖွယ်ကောင်းသော ညပါတကား၊
အဘိရူပါ ဝတ = အလွန်လှပသော ညပါတကား၊
ဒဿနီယာ ဝတ = ရှုဖွယ်ကောင်းသော ညပါတကား၊
ပါသာဒိကာ ဝတ = ကြည်လင်ရွှန်းပသော ညပါတကား၊
လက္ခညာ ဝတ = မေ့မရနိုင်သော ညပါတကားဟူသော စကားငါးခွန်းဖြင့် မိမိ၏ခံစားမှုကို ထုတ်ဖော်ချီးကျူးခဲ့သည်။

အဇာတသတ်မင်းသည် ငယ်ရွယ်စဉ်က ဒေဝဒတ်ကို ဆရာတင်ခဲ့မိ၍ ဖခင်ဗိမ္ဗိသာရမင်းကြီးကို သတ်မိသည့် အကုသိုလ်ကံ အကျိုးပေးကြောင့် ကံကြီးထိုက်ပြီး အလွန်ကြည်နူးဖွယ်ကောင်းသည့် တန်ဆောင်မုန်းလပြည့်ည၏ အလှအပကို မခံစားနိုင်၊ အိပ်၍မပျော်နိုင်သည့် ဝေဒနာဆိုးကြီးကို ခံစားနေရသည်။ ယင်းဝေဒနာကိုကုစားရန် အမတ်ကြီးများ၏ အကြံပြုချက်အရ တိတ္ထိ ဆရာကြီးခြောက်ဦးတို့ထံ သွားရောက်၍ ရဟန်းပြုခြင်း၏အကျိုး (သာမညဖလ)ကို စုံစမ်းမေးမြန်းရာ ကျေနပ်လောက်သော အဖြေမရခဲ့ပါ။ နောက်ဆုံး ဆရာဇီဝက၏ ကျေးဇူးကြောင့် ရာဇဂြိုဟ်မြို့အနီး ဆရာဇီဝက လှူထားသော သရက်ဥယျာဉ်၌ သီတင်းသုံးလျက်ရှိသည့် မြတ်စွာဘုရားထံ ဖူးတွေ့ခွင့်ရပြီး မြတ်စွာဘုရား၏တရားတော်ကို နာကြားရမှသာ ရဟန်းပြုရခြင်းအကျိုး သာမညဖလကို သိရှိရပြီး ကောင်းမွန်စွာ အိပ်စက်နိုင်ခဲ့သည်။

တန်ဆောင်မုန်းလပြည့်နေ့ည အဇာတသတ်မင်းသား မြတ်စွာဘုရားရှိရာ ကျောင်းတော်သို့ သွားသည့်အခါ ရာဇဂြိုဟ်မြို့ အရှေ့ဘက်ရှိ တောရိပ် တောင်ရိပ်တို့က အမှောင်ထုကို ဖုံးလွှမ်းနေသဖြင့် မီးရှူးတိုင်များကို လူတိုင်းကိုယ်စီ ကိုင်ဆောင်သွားကြရသည်။ ရှေးကာလက ဆီမီးရောင်ကို တန်ဆောင်ဟူ၍ ခေါ်ဆိုပြီး တိုင်ထိပ်ဖျားတွင်တင်ကာ ထွန်းညှိရသည့်အတွက် ဆီမီးတိုင်ကို တန်ဆောင်တိုင်ဟု ခေါ်ဆိုခဲ့ကြသည်။

အဇာတသတ်မင်းနှင့် နောက်ပါပရိသတ်များ မြတ်စွာဘုရားထံ အဖူးမြော်သွားစဉ်က နန်းတော်မြို့ရိုးအရှေ့ဘက် မျက်နှာတံခါးမှထွက်၍ အရှေ့ဘက်ရှိ တောရိပ်နှင့် သစ်ပင်များက လူသွားလမ်းပေါ်သို့ ကျရောက်ပြီး အမှောင်ဖုံးနေသည်။ ထို့ကြောင့် လိုက်ပါသူအားလုံး မီးရှူးမီးတိုင် ကိုယ်စီကိုယ်င ထွန်းညှိသွားကြရသည်။ တန်ဆောင်တိုင်မီးများ ထွန်းညှိသွားသည့် ထုံးကို နှလုံးမူကာ ဗုဒ္ဓဘာသာဝင်များက ရှေ့ခေတ်သုံး ပေါရာဏအခေါ်အားဖြင့် တန်ဆောင်(တန်ဆောင်တိုင်)ဟု ခေါ်ပါသည်။ သို့ဖြစ်၍ တန်ဆောင်မုန်းလတွင် တန်ဆောင်တိုင်မီးများ ထွန်းညှိပူဇော်ကြခြင်းဖြစ်သည်။

ဗုဒ္ဓဘာသာဝင် သူတော်စင်များ၏ ကထိန်သင်္ကန်းကပ်လှူပူဇော်သည့် ဓလေ့ထုံးစံမှာလည်း မြတ်နိုးစရာ၊ တန်ဖိုးထားစရာ ဖြစ်ပါ၏။ မြန်မာတို့သည် အလှူအတန်းနှင့် ပတ်သက်လျှင် စိတ်အားထက်သန်ကြကာ အမြို့မြို့ အနယ်နယ် ကျေးရွာများပါမကျန် တောင်ပေါ်မြေပြန့် နေရာအနှံ့ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းကြသည့် သတင်းမှာလည်း မြတ်ဗုဒ္ဓသာသနာကို အလေးအမြတ် တန်ဖိုးထားကြသည့် ပြယုဂ်ဖြစ်ပါသည်။ သီတင်းကျွတ်လပြည့်ကျော် ၁ရက်နေ့မှသည် တန်ဆောင်မုန်းလပြည့်နေ့အထိ ကထိန်ခင်းကြခြင်း၊ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းကြခြင်း ပြုကြပါသည်။

စေတီပုထိုးများတွင် မသိုးသင်္ကန်း ရက်လုပ်ဆက်ကပ် လှူဒါန်းကြသည်မှာလည်း ဗုဒ္ဓဘာသာဝင် မြန်မာတို့၏ ထုံးဓလေ့ ပွဲတော်တစ်ခုအဖြစ် ထင်ရှားလှပါသည်။ တန်ခိုးကြီးစေတီပုထိုးများတွင် မသိုးသင်္ကန်းရက်ပြိုင်ပွဲများ၊ လပြည့်နေ့မတိုင်မီ တစ်ညတွင် ရက်ကန်းစင်များ အပြိုင်ရက်လုပ်ကြပြီး ဆုများ ခွဲခြားသတ်မှတ်ချီးမြှင့်ကာ ရက်လုပ်ပြီး မသိုးသင်္ကန်းများကို လပြည့်နေ့ နံနက် အရုဏ်တက်ချိန်တွင် ရုပ်ပွားတော်များတွင် ဆက်ကပ်လှူဒါန်း ကုသိုလ်ယူကြပါသည်။

တန်ဆောင်မုန်းလပြည့်နေ့ ည၁၂နာရီအချိန်တွင် လမင်း၏အလင်းရောင်အပြည့်အဝ ထွန်းလင်းတောက်ပပြီး ဆေးပေါင်းခ သည်ဟု ယုံကြည်မှုရှိကြပါသည်။ မြန်မာ့ရိုးရာထုံးဓလေ့အရ တန်ဆောင်မုန်းလပြည့်နေ့တွင် မဲဇလီဖူးသုပ်စားခြင်း၊ ဆေးဖော် ဆေးကြိတ်ခြင်းများ ပြုလုပ်လေ့ရှိကြပါသည်။

ဆရာကြီးဇီဝက၏ တိုက်တွန်းမှုဖြင့် မြတ်စွာဘုရားရှင်ထံ အဇာတသတ်မင်းသား ရောက်ရှိသွားသည့်အခါ တန်ဆောင်မုန်း လပြည့်နေ့ အချိန်ကာလဖြစ်ပါသည်။ ဘုရားရှင်သည် အဇာတသတ်မင်းကို အကြောင်းပြု၍ သာမညဖလသုတ္တန်တရားတော်ကို ဟောကြားတော်မူကြောင်း ဒီဃနိကာယ် သီလက္ခန္ဓဝဂ္ဂပါဠိတော်၌ လာရှိပါသည်။ ဤသည်ကိုအကြောင်းပြု၍ မြန်မာဗုဒ္ဓဘာသာ ဝင်တို့က သာမညဖလ အခါတော်နေ့ဟူ၍ ကျင်းပကြခြင်း ဖြစ်ပါသည်။

သာမညဖလဆိုသည်မှာ ရဟန်းပြုခြင်း၏အကျိုးဟု အဓိပ္ပာယ်ရသည်။ ရဟန်းပြုရခြင်း အကျိုးတရားတို့ကို ဟောကြားသော နေ့သည် တန်ဆောင်မုန်းလပြည့်နေ့ဖြစ်သည်။ သာမညဖလသုတ်သည် ရဟန်းသံဃာတော်များအဖို့ ကြေးမုံကြီးသဖွယ်ဖြစ်၍ ကိုယ်ကျင့်သီလရှိသည် မရှိသည်ကို ဤသုတ်တော်ဖြင့် ထင်ဟပ်စေနိုင်ပါသည်။ ရဟန်းပြုရသည့် အကျိုးကြောင့် ပါတိမောက္ခ သံဝရသီလနှင့် ပြည့်စုံသဖြင့် အပါယ်ဘေးမှ ကင်းဝေးခြင်း၊ ဒုစရိုက်ကိုရှောင်သဖြင့် ဒုစရိုက်ဒုက္ခမှ ကင်းလွတ်၍ စူဠသီလနှင့် ပြည့်စုံခြင်း၊ ပွဲသဘင်အမျိုးမျိုး၊ ကစားပွဲအမျိုးမျိုး၊ မကောင်းသောစကားအမျိုးမျိုးတို့မှ ရှောင်ကြဉ်သဖြင့် ထိုဒုက္ခများမှကင်းလွတ်၍ မဇ္ဈိမသီလနှင့် ပြည့်စုံခြင်း၊ နက္ခတ်၊ ဗေဒင်၊ ယတြာ၊ လက္ခဏာ၊ ဆေးကုခြင်း စသည်တို့မှ ရှောင်ကြဉ်သဖြင့် အာဇီဝပါရိသုဒ္ဓိသီလနှင့် ညီညွတ်၍ မဟာသီလနှင့် ပြည့်စုံခြင်း၊ ဣန္ဒြေခြောက်ပါး၌ အကုသိုလ်မဖြစ်အောင် စောင့်စည်းနိုင်ခြင်း၊ သတိနှင့်ပြည့်စုံခြင်း၊ သန္တောသ(ရောင့်ရဲနိုင်ခြင်း) အကျိုးတရားတို့ကို ရဟန်းသံဃာတော်များ ခံစားရရှိနိုင်ပါသည်။

အခြေခံသီလ၊ သတိ၊ သမ္ပဇဉ်၊ သန္တုဋ္ဌိတရားများနှင့် ပြည့်စုံသောရဟန်းသည် သမထဝိပဿနာကို ဆက်လက်အားထုတ် ပါက အောက်ပါအကျိုးတရားများကို လက်တွေ့ခံစားနိုင်ပါသည်။

နီဝရဏငါးပါးမှ ကင်းလွတ်ခြင်း၊ ဈာန်တရားရနိုင်ခြင်း၊ ဝိဇ္ဇာရှစ်ပါးနှင့်ပြည့်စုံ၍ မဂ်ဖိုလ်ရနိုင်ခြင်း အကျိုးထူးတရားများ ဖြစ်ပါသည်။

အဇာတသတ်မင်းသည် သာမညဖလသုတ်တရားတော်ကို ကြားနာရ၍ သူ၏အဖသတ်ခဲ့သည့် အကုသိုလ်ကံကို ကုစားနိုင် ခဲ့သည်ကြောင့် အပြစ်ကြီးလေးသော မဟာအဝီစိငရဲတွင် မကျရောက်တော့ဘဲ အပြစ်ဒဏ်ပေါ့သော လောဟကုမ္ဘိငရဲ၌သာ ကျရောက်ခံစားရပြီး နောင်သောအခါ “ဝိဇိတာဝီ”မည်သော ပစ္စေကဗုဒ္ဓါဖြစ်ပြီး ကျွတ်တန်းဝင်ရသည်။ သာမညဖလသုတ်တော်ကို ကြားနာခွင့်ရခဲ့သည်ကြောင့် သူ၏အမှားကို နောင်တရပြီး သတိတရားရလာခဲ့သည်။ ဗုဒ္ဓဘာသာကို အသက်ပေးကြည်ညိုသူ ဖြစ်လာသည်။

အဇာတသတ်မင်းတရားသည် “အရှင်ဘုရားတို့… ဓမ္မစက်လည်း ဖြစ်ပါစေ၊ ကျွန်ုပ်၏အာဏာစက်လည်း ဖြစ်စေအံ့၊ ရဲရဲဝံ့ဝံ့ သင်္ဂါယနာတင်တော်မူပါကုန်” ဟူ၍ ပိဋကတ်တော်များကို မပျောက်မပျက်ရအောင် ပဌမသင်္ဂါယနာတင် ဒါယကာအဖြစ် ခံယူနိုင်ခဲ့သည်သာမက ရတနာသုံးပါးကို အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်သော ဥပါသကာအဖြစ် ခံယူနိုင်ခဲ့သည်။ မြတ်စွာဘုရား၏ဓာတ်တော်များကို စုဆောင်းသိမ်းဆည်း၍ ဓာတ်တော်တိုက်ကြီး တည်ထားခဲ့သည်။ ဗုဒ္ဓသာသနာနှစ်ကို အတိအကျ သတ်မှတ်ခဲ့ခြင်းကြောင့် ယနေ့ဗုဒ္ဓဘာသာဝင်အပေါင်းတို့ သာသနာနှစ်ကို အတိအကျ သုံးစွဲခွင့်ရနေခြင်းဟုဆိုသည့် သာသနာပြု လုပ်ငန်းကြီးသုံးရပ်ကို လုပ်ဆောင်နိုင်ခဲ့သည်မှာ ဗုဒ္ဓဘာသာဝင်တို့အတွက် များစွာကျေးဇူးကြီးလှပါသည်။

အဇာတသတ်မင်း စုဆောင်းထားသော ဓာတ်တော်များကို သီရိဓမ္မာသောကမင်းကြီးက ရှာဖွေဖော်ထုတ်ကာ စေတီပေါင်း ရှစ်သောင်းလေးထောင်တည်ထား၍ သာသနာပြုနိုင်ခဲ့ခြင်းကြောင့် နှောင်းခေတ် ဗုဒ္ဓဘာသာဝင်များ ဖူးမြော်ခွင့်ရခြင်းဖြစ်သည်။

အဇာတသတ်၏ဖြစ်ရပ်ကိုကြည့်လျှင် ပါပမိတ္တဟုဆိုသည့် မကောင်းသည့် မိတ်ဆွေအပေါင်းအသင်းကို ရှောင်ရှား၍ ကလျာဏမိတ္တ မိတ်ဆွေကောင်းကို မှီဝဲဆည်းကပ်သင့်ကြောင်း သင်ခန်းစာကောင်းတစ်ခု ရရှိနိုင်ပါသည်။ ယုတတ်လျှင် မြတ်ပါ သည်။ ယုတတ်လျှင် ရပါသည်။ ကောင်းသောအလေ့အထ၊ ကောင်းမှုမှန်သမျှသည် မိမိအကျိုး၊ သူတစ်ပါးအကျိုးကို ပွားများစေ သည်မှာ မုချမသွေဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂-၁၁-၂၀၀၉ ရက် (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် - ယောဆရာတော်ဟောကြားသော ဥပ္ပါတသန္တိပါဠိတော်
၇း၃၀	၂။	နံနက်ခင်းသတင်း
၇း၄၀	၃။	အောင်တော်မူ(စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး ဗိုလ်ကလေးတင့်အောင်)
၇း၅၀	၄။	သံသာချိုအေးမင်္ဂလာတေး
၈း၀၅	၅။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၂၀	၆။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈း၃၀	၇။	**မြူတိမ်ကင်းသောနေ့**
၈း၄၀	၈။	International News
၈း၄၅	၉။	တေးဂီတအစီအစဉ်
၉း၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	Myanmar National League MNLCup (2009) ဘောလုံးပြိုင်ပွဲ ထုတ်လွှင့်မှုအစီအစဉ် (ဆောက်သမ်းမြန်မာအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း)
၄း၅၀	၂။	တေးဂီတအစီအစဉ်
၅း၀၀	၃။	မြန်မာစာ၊ မြန်မာစကား
၅း၁၅	၄။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၂၀	၅။	အတီးပြိုင်ပွဲ
၅း၂၅	၆။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတ အဖွဲ့ဖျော်ဖြေခန်း)
၅း၃၅	၇။	စူပါတေးသံရှင်ရွေးချယ်ပွဲ
၆း၀၀	၈။	ညနေခင်းသတင်း
၆း၁၅	၉။	မိုးလေဝသအခြေအနေ
၆း၂၀	၁၀။	ဆိုကြမယ်ပျော်ကြမယ်
၇း၀၀	၁၁။	နိုင်ငံခြားဇာတ်လမ်းတွဲ **အဆိပ်သင့်တဲ့အချစ်** (အပိုင်း-၄)
၈း၀၀	၁၂။	ပြည်တွင်းသတင်း
	၁၃။	နိုင်ငံတကာသတင်းများ
	၁၄။	မိုးလေဝသအခြေအနေ
	၁၅။	မြန်မာရုပ်ရှင် **နှလုံးသားလျှို့ဝှက်ခန်း** (အပိုင်း-၁) ကျော်ဟိန်း၊ မင်းမော်ကွန်း၊ အိန္ဒြာကျော်ဇင် (ဒါရိုက်တာ-ကြည်ဖြူသျှင်)
	၁၆။	အစီအစဉ်ပြီး၏။

ရေနံချောင်းဒေသကောလိပ် အာစရိယပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၁

ရေနံချောင်း ဒေသကောလိပ် (၁၉၇၇ မှ ၁၉၈၂)ခုနှစ်အထိ ကျောင်းသား ကျောင်းသူများ၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ အခမ်းအနားကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၂၄ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရွှေတိဂုံဘုရား တောင်ဘက်မုခ် စည်ပင်သာယာရေးခန်းမရုံတွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ပါရန်နှင့် အလှူငွေများ ထည့်ဝင်လိုပါက ရန်ကုန် ဦးမြင့်ဆွေ ဖုန်း-၀၉-၅၁၄၃၆၁၄၊ ဦးလှမြင့် ဖုန်း-၀၉-၅၀၂၀၈၀၄၊ ဒေါ်သောင်းသောင်းညွန့် ဖုန်း-၀၉-၅၀၁၅၃၀၀၊ ဒေါ်မြင့်မြင့်ဆွေ ဖုန်း-၀၉-၅၁၅၀၅၆၉၊ နေပြည်တော် ဦးဝင်းအောင် ဖုန်း-၀၆၇-၄၀၈၃၆၀၊ မန္တလေး ဒေါ်စိုးလတ်သင်း ဖုန်း-၀၂-၆၂၈၀၃၊ ဦးဟန်ညွန့်ဆွေ ဖုန်း-၀၉-၂၀၁၆၂၃၇၊ မကွေး ဦးလင်းမင်းဆွေ ဖုန်း-၀၆၃-၂၆၅၀၀၊ ဦးဝင်းမော်ဆွေ ဖုန်း-၀၉-၅၃၄၀၃၆၊ ဦးကျော်ဆွေ ဖုန်း-၀၆၃-၃၂၆၃၄၁၊ ရေနံချောင်း ဦးမောင်မောင်စိုး ဖုန်း-၀၉-၅၃၃၇၃၁၅၊ ချောက်ဝါဇီ ဒေါ်ဝါဝါရွှေ ဖုန်း-၀၆၁-၂၁၃၀၇၊ ဒုတိယဗိုလ်မှူးကြီးကိုကိုဝင်း ဖုန်း-၀၆၂-၂၂၁၁၄၊ ၀၆၂-၂၂၁၁၂၊ တောင်တွင်းကြီး ဒေါ်ခင်အုန်းသန်း ဖုန်း-၀၆၃-၅၀၆၄၄၊ အောင်လံ၊ ပြည် ဒေါ်မြမြဝင်း၊ ဒေါ်တင်တင်အေး ဖုန်း-၀၆၉-၂၁၄၂၉၊ သရက် ဒေါ်လှလှဝေ ဖုန်း-၀၆၈-၂၁၀၈၅၊ မင်းဘူး၊ စကု၊ မင်းလှ ဒေါ်ဆွေဆွေလင်း ဖုန်း-၀၆၅-၄၀၁၁၅၊ ပွင့်ဖြူ၊ စလင်း၊ ဆင်ဖြူကျွန်း ဒေါက်တာချစ်ကိုကို ဖုန်း-၀၆၃-၆၀၀၅၆၊ နတ်မောက်၊ မြို့သစ် ဒေါ်အေးအေးဝင်း ဖုန်း-၀၆၃-၆၉၃၁၄၊ ပြည်၊ ကံမ ဒေါက်တာကျော်မင်း ဖုန်း-၀၉-၅၃၁၂၃၉၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

အထက (၃)မင်္ဂလာဒုံ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁

မင်္ဂလာဒုံမြို့နယ်၊ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်း၊ (ယခင်-အင်းစိန်ခရိုင် ထောက်ကြန့် စံပြကျေးရွာ အလယ်တန်းကျောင်း၊ အမှတ် (၂)အစိုးရ အလယ်တန်းကျောင်း ထောက်ကြန့်)တို့မှ အငြိမ်းစားယူခဲ့ကြသော ဆရာကြီး ဆရာမကြီးများအား (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၁၁ရက် (အမျိုးသားနေ့) နံနက် ၈နာရီတွင် အထက (၃) မင်္ဂလာဒုံခန်းမ၌ ကျင်းပမည် ဖြစ်သည်။ ရပ်ဝေးရပ်နီးမှ အပူဇော်ခံမည့် ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းလိုသူများသည် ဦးမြထွေး ဖုန်း-၆၀၀၀၂၃၊ ဦးလှရှိန် ဖုန်း-၆၀၀၁၄၃၊ ဦးနေဝင်း ဖုန်း-၆၀၀၁၃၁၊ ဦးကျော်သူ ဖုန်း-၆၀၀၁၇၈၊ ဦးအေးကို ဖုန်း-၆၀၀၀၉၃နှင့် ဦးမြင့်အောင် ဖုန်း-၆၀၀၀၇၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးဟောပြောပွဲ မရမ်းကုန်းပြန်/ဆက်၌ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁

မရမ်းကုန်းမြို့နယ် ပညာရေးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ မူးယစ်ဆေးဝါး အန္တရာယ် အသိပညာပေးဟောပြောပွဲနှင့် နရံကပ်စာစောင်ပြပွဲကို အောက်တိုဘာ ၂၁ရက်က အမှတ်(၁) အခြေခံပညာ အလယ်တန်း ကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးစိန်ဝင်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြည်ကြည်ညွန့်က ရှောင်လေဝေးဝေး မူးယစ်ဆေးခေါင်းစဉ်ဖြင့် ဟောပြောသည်။

(အပေါ်ပုံ) (မြို့နယ်ပြန်/ဆက်)

မြန်မာ့အလင်း **အင်တာနက် ကျန်းမာရေး**

ခံတွင်းပျက်သူများအတွက် ရေခဲမုန့်

နို့ထွက်ပစ္စည်းများတွင် ရေခဲမုန့်သည် အရသာနှင့် ပြည့်စုံသည့် အစားအစာတစ်မျိုးဖြစ်သည်။ ရောဂါများကို ဓာတုပစ္စည်းများ၊ ဆေးဝါးများဖြင့် ကာကွယ်၊ ကုသရာတွင် ဘေးထွက် ဆိုးကျိုးများ ပေါ်ပေါက်တတ်သည်။



ဆေးဖက်ဝင်

နယူးဇီလန်နိုင်ငံ အောက်ကလန်တက္ကသိုလ်မှ သုတေသီများက ကင်ဆာဝေဒနာရှင်များအား ဓာတုပစ္စည်းများ၊ ဆေးဝါးများဖြင့် ကာကွယ်၊ ကုသရာတွင် ဖြစ်ပေါ်လာတတ်သည့် ဝမ်းပျက်ဝမ်းလျှောခြင်း၊ သွေးအားနည်းခြင်း၊ ခံတွင်းပျက်ခြင်းစသော ဘေးထွက် ဆိုးကျိုးများကို ကျော်လွှားနိုင်စေမည့် ဆေးဖက်ဝင် အချိုပွဲအဖြစ် ရေခဲမုန့်ကို စီမံဖန်တီးလိုက်သည်ဟု သိရသည်။ (အပေါ်ပုံ)

မည်သို့ဖြစ်စေ ရေခဲမုန့်သည် သွေးအားနည်းသူ၊ ခံတွင်းပျက်သူများအတွက် စားသုံးသင့်သည့်အာဟာရတစ်မျိုးဖြစ်သည်။

မတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့အဝင် ဒဂိုးချောင်းလမ်းဆုံ၊ မိုးကုတ်လမ်းဘေး ဝဲယာတစ်လျှောက်တွင် မြို့သာယာလှပရေး လုပ်ငန်းဖြစ်သော မြေယာရှုခင်းအလှပြုပြင်ခြင်း၊ ပန်းအလှပင်များ စိုက်ပျိုးခြင်းလုပ်ငန်းကို အောက်တိုဘာ ၁ ရက်က အဖွဲ့ရုံးဝန်ထမ်းများဖြင့် ဆောင်ရွက်နေမှုကို မတ္တရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဒေါ်လှဲ့လှဲ့စိုးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးဇော်မြင့်တို့က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် လောက်ကိုင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

သိန်းနီနှင့် ချင်းရွှေဟော်မြို့ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် အောက်တိုဘာ ၂၈ရက် နံနက်ပိုင်းတွင် လားရှိုး-သိန်းနီ-ကွမ်းလုံ-ချင်းရွှေဟော်လမ်းပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်း စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ တာဝန်ရှိသူများက လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်မှုနှင့် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်က လုပ်ငန်းလိုအပ်ချက်များကို မှာကြားပြီး လားရှိုး-ချင်းရွှေဟော်လမ်း တိုးချဲ့ဖောက်လုပ်နေမှု၊ လမ်းပိုင်းအလိုက် ပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ကွမ်းလုံကြိုးတံတား ကြံ့ခိုင်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ချင်းရွှေဟော်မြို့ ပြည်သူ့ဆေးရုံ၌ ဆေးရုံတက်လူနာများအား အလှူငွေနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်၍ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆေးဝါးများပေးအပ်

ဆက်လက်၍ သူနာပြုဆရာမများအား ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ပြီး ဆေးရုံအတွက် ဆေးဝါးပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် ချင်းရွှေဟော်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ စာသင်ကြားနေမှုများကို ကြည့်ရှု၍ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကား ပြောကြားသည်။

ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် တိုင်းမှူး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေနှင့် တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၂၉ရက် နံနက်ပိုင်းတွင် လောက်ကိုင်မြို့ ဖွံ့ဖြိုးတိုးတက်မှုနှင့် သန့်ရှင်းသာယာလှပမှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လောက်ကိုင်မြို့ ပြည်သူ့ဆေးရုံ၌ ဆေးရုံတက်ရောက် ကုသလျက်ရှိသော ဒေသခံပြည်သူများအား အလှူငွေနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်၍ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ပြည်သူ့ဆေးရုံအစည်းအဝေးခန်း၌ တာဝန်ရှိသူများက ကုန်းကြမ်းမြို့ တိုးချဲ့ဆေးရုံနှင့် ဝန်ထမ်းများ နေအိမ်တည်ဆောက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က စံချိန် စံညွှန်းများနှင့်အညီ ဆောင်ရွက်ရေးမှာကြားပြီး ဆေးရုံအတွက် ဆေးဝါးပစ္စည်းများကို ပေးအပ်သည်။

ယင်းနောက် လောက်ကိုင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ စာသင်ကြားနေမှုများကို ကြည့်ရှုစစ်ဆေးပြီး လောက်ကိုင်တပ်နယ်ရိပ်သာ၌ ကိုးကန့်ဒေသ ယာယီဦးစီးကော်မတီဝင်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးကိစ္စများကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း နောက်ဆုံးရ အားကစားသတင်း အနိုင်အရှုံး

အီတလီစီးရီးအေ ပွဲစဉ်(၁၀)

ဂျူဗင်းတပ်စ်	၂-၃	နာပိုလီ
အေစီမီလန်	၂-၀	ပါးမား
ရိုးမား	၂-၁	ဘိုလော့ဂ်နာ
ကာဂလီယာရီ	၃-၀	အတ္တလန္တာ
ချီယေဗို	၁-၁	အူဒီးနိစ်
ဖီအိုရင်တီးနား	၃-၁	ကာတာနီယာ
လီဗော်နို	၀-၂	အင်တာမီလန်
ဆမ်ဒိုးရီးယား	၀-၀	ဘာရီ
ဆီနာ	၁-၁	လာဇီယို

စပိန်လာလီဂါ ပွဲစဉ်(၉)

ရီးရဲမက်ဒရစ်	၂-၀	ဂီတာဖေး
အိုဆာဆူနာ	၁-၁	ဘာစီလိုနာ
ဆီရက်ဗ်	၀-၂	ဆီဗီလာ
ဘီလ်ဘာအို	၁-၀	အက်သလက်တီကိုမက်ဒရစ်

ပရီမီယာလိဂ် ပွဲစဉ်(၁၁)

ဘာမင်ဂမ်	၀-၀	မန်စီးတီး

ပွဲစဉ်(၁၁)အပြီး ပရီမီယာလိဂ် အသင်းများရပ်တည်မှု

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
၁	ချယ်လ်ဆီး	၁၁	၉	၀	၂	၂၇
၂	မန်ယူ	၁၁	၈	၁	၂	၂၅
၃	အာဆင်နယ်	၁၀	၇	၁	၂	၂၂
၄	မန်စီးတီး	၁၀	၅	၄	၁	၁၉
၅	စပါး	၁၁	၆	၁	၄	၁၉
၆	လီဗာပူး	၁၁	၆	၀	၅	၁၈
၇	အက်စ်တွန်ဗီလာ	၁၀	၅	၃	၂	၁၈
၈	ဆန်းဒါးလန်း	၁၁	၅	၂	၄	၁၇
၉	စတုတ်စီးတီး	၁၁	၄	၄	၃	၁၆
၁၀	ဘန်လေ	၁၁	၅	၀	၆	၁၅
၁၁	ဖူလ်ဟမ်	၁၀	၄	၂	၄	၁၄
၁၂	ဝီဂန်	၁၁	၄	၁	၆	၁၃
၁၃	အဲဗာတန်	၁၀	၃	၃	၄	၁၂
၁၄	ဘာမင်ဂမ်	၁၁	၃	၂	၆	၁၁
၁၅	ဘော်လ်တန်	၁၀	၃	၂	၅	၁၁
၁၆	ဝူလ်ဗာဟမ်တန်	၁၁	၂	၄	၅	၁၀
၁၇	ဘလက်ဘန်း	၁၀	၃	၁	၆	၁၀
၁၈	ဟူးလ်စီးတီး	၁၁	၂	၂	၇	၈
၁၉	ဝက်စ်ဟမ်း	၁၀	၁	၄	၅	၇
၂၀	ပို့စ်မောက်	၁၁	၂	၁	၈	၇

အထက(၄)မင်္ဂလာတောင်ညွန့် မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၁

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသားဟောင်းများ၏ (၁၄)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို နိုဝင်ဘာ ၈ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်းရှိ ရတနာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားဟောင်းများ မပျက်မကွက်တက်ရောက်ကြရန်နှင့် အလှူငွေထည့်ဝင်လှူဒါန်းလိုသူများသည် ဦးအောင်ကျော်ဟန် ဖုန်း-၃၇၉၅၉၁၊ ဦးဟန်ငွေး ဖုန်း-၅၅၀၅၃၂၊ ဦးမျိုးအောင် ဖုန်း-၀၉-၅၀-၄၇၁၃၀၊ ဦးသစ်လွင်(သချာ) ဖုန်း-၃၉၄၆၂၉၊ ၀၉-၅၂-၆၁၆၈၀၊ ဦးလှမြင့် ဖုန်း-၂၄၀၅၅၄ တို့ထံနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ငွေး ဖုန်း-၃၇၅၈၈၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် ကန်တော့ခံ ဆရာ ဆရာမများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ယင်းနေ့တွင် ကန်တော့ခံ ကြွရောက်နိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ဥဿာယူနိုက်တက်နှင့် မကွေးတို့ သရေပွဲဖြစ်

ရန်ကုန် နိုဝင်ဘာ ၁

MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်(၃၆)ကို ယနေ့ ညနေ ၄နာရီက သုဝဏ္ဏကွင်းတွင် ကျင်းပရာ ဥဿာယူနိုက်တက်အသင်းနှင့် မကွေးအသင်းတို့ ဂိုးမရှိသရေပွဲဖြစ်သွားသည်။

၄-၁၁-၂၀၀၉
ညနေ ၄ နာရီ
(သုဝဏ္ဏကွင်း)
ရတနာပုံ - မကွေး F.C

(မြန်မာ့အလင်း)

မြန်မာ့အလင်း သတင်းပဒေသာအတိုအထွာ

ရန်ကုန် နိုဝင်ဘာ ၁

မုဒ္ဒံအသင်း(ရန်ကုန်)နှစ်ပတ်လည် စည်းဝေးမည်

မုဒ္ဒံမြို့နယ်အသင်း(ရန်ကုန်)၏ စုပေါင်းလှူဒါန်းပွဲ၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ပါရမီ (ရေကူး) မြစပယ်လမ်းရှိ ဝိဇ္ဇောဓာရုံစာသင်တိုက်၌ လာမည့် ဒီဇင်ဘာ ၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများ တက်ရောက်နိုင်ရန် ဖိတ်ကြားနိုးဆော်ထားသည်။

အထက(၄) ကမာရွတ် မြတ်ဆရာပူဇော်မည်

အထက(၄) ကမာရွတ်၏ မြတ်ဆရာပူဇော်ပွဲကို ၂၀၁၀ ခုနှစ် ဇန်နဝါရီလ ၁၀ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်နိုင်ရန် နိုးဆော်ထားသည်။

မြန်မာနိုင်ငံ ဗိသုကာအသင်း သက်ကြီးပူဇော်မည်

မြန်မာနိုင်ငံ ဗိသုကာအသင်း (AMA)၏ (၁၂)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို နိုဝင်ဘာ ၁၄ရက်တွင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ (လှိုင်တက္ကသိုလ်နယ်မြေဝင်း) တတိယထပ် (Function Hall) ၌ ကျင်းပမည်ဖြစ်ရာ ပူဇော်ပွဲနှင့် ပတ်သက်၍ ဖုန်း-၇၂၃၁၀၄၊ ၅၁၉၆၇၃-၇၆ (လိုင်းခွဲ-၁၁၉)၊ ၃၈၀၂၅၆၊ ၀၉-၅၁-၁၆၉၈၂ နှင့် ၀၉-၅၀-၀၁၄၅၆ တို့သို့ ဆက်သွယ်မေးမြန်းနိုင်သည်။

မိတ္ထီလာ စက်မှုလက်မှုသိပ္ပံ မြတ်ဆရာပူဇော်မည်

မိတ္ထီလာ စက်မှုလက်မှုသိပ္ပံ (၁၉၈၆-၂၀၀၀)၏ ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲကို မိတ္ထီလာမြို့ရှိ တော်ဝင်နန်းခန်းမ၌ နိုဝင်ဘာ ၁၄ရက် (စနေနေ့) ညနေ ၄နာရီခွဲတွင် ကျင်းပမည်ဖြစ်ရာ ကန်တော့ခံ ဆရာ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်နိုင်ရန် ဖိတ်ကြားထားသည်။

အထက(၃) မင်္ဂလာဒုံ အာစရိယပူဇော်ပွဲ

အထက(၃) မင်္ဂလာဒုံ၏ အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၁၁ရက် နံနက် ၈နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုပါက ဖုန်း-၆၀၀၀၂၃၊ ၆၀၀၁၄၃၊ ၆၀၀၁၃၁၊ ၆၀၀၁၇၀ တို့သို့ ဆက်သွယ်နိုင်သည်။

အထက(၁၀) တာမွေ မြတ်ဆရာပူဇော်မည်

အထက(၁၀) တာမွေ (၁၉၆၆-၂၀၀၈) ကျောင်းသား ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲနှင့် ပြန်လည်ဆုံတွေ့ပွဲကို လာမည့် ဒီဇင်ဘာ၂၀ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုပါက ဖုန်း-၀၉-၅၁-၂၃၅၅၀၊ ၀၉-၅၁-၂၉၂၂၅၊ ၅၅၇၁၅၁၊ ၅၄၆၁၉၄၊ ၅၄၄၇၃၃၊ ၅၅၅၂၄၅၊ ၇၂၆၄၆၇၊ ၅၅၉၂၇၁၊ ၀၉-၅၀-၀၀၄၅၁ တို့သို့ ဆက်သွယ်နိုင်သည်။

မသန်စွမ်းသူများအတွက် ကွန်ပျူတာသင်တန်း ဖွင့်လှစ်မည်

မြန်မာနိုင်ငံ ကိုယ်အင်္ဂါ မသန်စွမ်းသူများအသင်းမှ မသန်စွမ်းသူများအတွက် ကွန်ပျူတာသင်တန်း စီစဉ်ဖွင့်လှစ်ပေးလျက်ရှိရာ တက်ရောက်လိုက အသင်းတည်ရှိရာ အမှတ် ၅၁ ညောင်တုန်းလမ်း စမ်းချောင်းမြို့နယ်သို့ ဆက်သွယ်နိုင်သည်။

အထက(၃) သဃ်န်းကျွန်း မြတ်ဆရာ ပူဇော်မည်

အထက(၃) သဃ်န်းကျွန်း၏ မြတ်ဆရာပူဇော်ပွဲကို ၂၀၁၀ ခုနှစ် ဇန်နဝါရီလတွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်နိုင်ရန် ဖိတ်ကြားနိုးဆော်ထားသည်။

(၂၁)ကြိမ်မြောက် မသန်စွမ်းသူများအားကစားပြိုင်ပွဲ နိုဝင်ဘာ၁၄ရက်မှ စတင်ကျင်းပမည်

အားကစားဝန်ကြီးဌာန ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်က စီစဉ်ကျင်းပမည့် (၂၁)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများ အားကစားပြိုင်ပွဲကို နိုဝင်ဘာ ၁၄ရက်မှ ၂၁ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပြေးခုန်ပစ်၊ ရေကူး၊ စားပွဲတင်တင်းနစ်၊ ဘော်လီဘော၊ ကြက်တောင်၊ ဂေါက်သီး၊ ဉာဏ်ရည်မမီပြိုင်ပွဲနှင့် မျက်မမြင်စစ်တုရင်ပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။

စာအုပ်အရောင်းပွဲတော် ကျင်းပ

စိတ်ကူးချိုချိုစာအုပ်တိုက်၏ စာအုပ်အရောင်းပွဲတော်ကို အောက်တိုဘာ ၃၀ရက်က စတင်ရောင်းချခဲ့ပြီး နိုဝင်ဘာ ၈ရက်အထိ နံနက် ၉နာရီမှ ညနေ ၅နာရီအထိ အင်းဝစာအုပ်တိုက် အပေါ်ထပ် ဆူးလေဘုရားလမ်း (အပေါ်ဘလောက်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့၌ ခင်းကျင်းထားသည်။ ။

(မြန်မာ့အလင်း)

စုစည်းရေးသားသူ - ဝင်းကျော်

2-11 (11).pmd 1 11/2/2009, 1:33 AM

မှုခင်းကျဆင်းရေး မရမ်းကုန်း၌ ဟောပြော

ရန်ကုန် နိုဝင်ဘာ ၁

ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူး၏ ဦးဆောင်မှု၊ အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုဖြင့် မရမ်းကုန်းမြို့နယ်အတွင်း မှုခင်းကင်းမဲ့ရက်သတ္တပတ် (Crime Free Week) အဖြစ် အောက်တိုဘာ ၈ရက်မှ ၁၄ရက်အထိ သတ်မှတ်ဆောင်ရွက်ခဲ့ရာ ပိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသော မြို့နယ်၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ အရန်မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီတပ်ရင်းတပ်ဖွဲ့ဝင်များ၊ မြို့နယ်အထက်တန်းကျောင်းများမှ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများအား အောက်တိုဘာ ၁၆ရက် မွန်းလွဲ ၁နာရီက အထက(၁) စန္ဒိမာခန်းမ၌ ရန်ကုန် အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်ခိုင်ဦးက ကျေးဇူးတင်စကား တက်ရောက်ပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ မှုခင်းကြိုတင်ကာကွယ်ရေး၊ မှုခင်းကျဆင်းရေးနှင့်မှုခင်းဖော်ထုတ်ရေးလုပ်ငန်းများတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်အတူ ပြည်သူများ ပူးပေါင်းကူညီပံ့ပိုးရန်လိုအပ်ချက်များ၊ ဆယ်အိမ်စု သတင်းပေးစနစ် ခိုင်မာစွာတည်ဆောက်ရမည့် ကိစ္စများနှင့် အခင်းဖြစ်အရပ် ထိန်းသိမ်းခြင်း သိရှိရန်အချက်များ ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **(၁၁၁)**

စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့် ကလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ပျိုးဥယျာဉ်အတွင်း ပျိုးပင်များ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ကံမမြို့နယ် ပြန်/ဆက်ရုံး စာကြည့်တိုက်အတွက် ငွေပဒေသာပင်လှူဒါန်း

ကံမ နိုဝင်ဘာ ၁

သရက်ခရိုင် ကံမမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံး စာကြည့်တိုက်အတွက် ငွေပဒေသာပင် လှူဒါန်းပွဲကို အောက်တိုဘာ ၂၁ရက် နံနက်က အဆိုပါရုံး၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ဆွေဝင်းက အမှာစကား ပြောကြားသည်။

လှူဒါန်း

လှူဒါန်းပွဲကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ဆွေဝင်း-ဒေါ်မာလာသန်း**(ယာပုံ)**၊ မြို့နယ်အသင်းက လှူဒါန်းငွေကို ခရိုင်အသင်း တွဲဖက်အမှုဆောင် ဦးဝင်းနိုင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ညွန့်-ဒေါ်ခင်မာလှိုင်၊ မြို့နယ်သတင်းတပ်ဖွဲ့ တာဝန်ခံ ဦးခင်အောင်လင်း-ဒေါ်မြင့်မြင့်ထွေး၊ မြို့နယ်တာဝန်ခံ ဦးမြဦး-ဒေါ်ငြိမ်းချမ်း မိသားစုတို့က အလှူငွေကျပ် တစ်သောင်းစီ ပေးအပ်ကြရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)မှ ဦးစီးအရာရှိ ဦးခင်မောင်ထွန်းက လက်ခံယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ လှူဒါန်းပွဲသို့ မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သရက်ခရိုင်ဦးစီးအရာရှိ ဦးလှမျိုးအောင်၊ မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဆင့်နှင့် ဝန်ထမ်းများ၊ မြို့နယ်ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

နတ်မောက် အထက ကျောင်းသားဟောင်းများ သတ္တမအကြိမ် မြတ်ဆရာပူဇော်ကန်တော့မည်

ရန်ကုန် နိုဝင်ဘာ ၁

မကွေးတိုင်း နတ်မောက်မြို့အထက်တန်းကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့သော အငြိမ်းစားဆရာ ဆရာမများအား သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံ စားပွဲကို လာမည့်ဒီဇင်ဘာ ၂၅ရက် (သောကြာနေ့)တွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ဆရာ ဆရာမများနှင့် ကျောင်းသားဟောင်းများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုပါက နတ်မောက်မြို့တွင် ဆရာဦးအောင်ကျော်မင်း ဖုန်း-၀၆၃-၆၉၄၃၂၊ ကိုမျိုးခိုင် ဖုန်း-၀၆၃-၆၉၁၂၆၊ ကိုမင်းမင်း ဖုန်း-၀၆၃-၆၉၄၄၉၊ ကိုဇော်မိုးထွန်း ဖုန်း-၀၆၃-၆၉၀၄၆၊ ကိုမောင်မောင်ထွေး ဖုန်း-၀၆၃-၆၉၀၇၄၊ မဆွေဆွေမြင့် ဖုန်း-၀၆၃-၆၉၃၂၇၊ မရီရီမြင့် ဖုန်း-၀၆၃-၆၉၁၃၄၊ မရီရီအောင် ဖုန်း-၀၆၃-၆၉၂၈၂၊ မအိအိထွေး ဖုန်း-၀၆၃-၆၉၁၉၄၊ ရန်ကုန်မြို့တွင် ဦးခိုင်ထွေး ဖုန်း-၀၉-၈၀၂-၂၁၈၁၊ ကိုတင်မောင်အေး ဖုန်း-၀၉-၅၁၉-၅၉၅၆၊ ကိုအောင်ထွန်းလင်း ဖုန်း-၀၉-၅၀၁-၁၂၃၇၊ မခိုင်ခိုင်စိုး ဖုန်း-၀၉-၅၁၂-၁၃၉၇၊ မမင်းမင်းသန်း ဖုန်း-၀၁-၆၈၂၁၁၁၊ ကိုအောင်ကျော်ဆက် ဖုန်း-၀၉-၅၀၆-၂၉၂၃နှင့် မကွေးမြို့တွင် မမိမိကျော် ဖုန်း-၀၆၃-၂၅၀၆၅တို့သို့ ဆက်သွယ်လှူဒါန်းကြရန် နှိုးဆော်ထားသည်။ ***(မြန်မာ့အလင်း)***

မန်ယူ၊ ရီးရဲ၊ ချယ်လ်ဆီးနဲ့ ဘိုင်ယန်တို့ကိုအနိုင်ရွေးထားကြရအောင်

သုံးသပ်ရေးသားသူ - ထွန်းထွန်းဦး(လှိုင်) စာမျက်နှာဖွဲ့စည်းမှု - ခိုင်လွင် (မြန်မာ့အလင်း)

ရန်ကုန် နိုဝင်ဘာ ၁

နိုဝင်ဘာ ၄ ရက် နံနက် ၂း၁၅ နာရီ

ချန်ပီယံလိဂ် အုပ်စုပွဲစဉ်(၄)

ချန်ပီယံလိဂ်အုပ်စုအဆင့် ပွဲစဉ်တွေက တစ်ဝက်ကျိုးသွားခဲ့ပြီဖြစ်ပါတယ်။ အုပ်စုပွဲစဉ်(၄)မှာလည်း သက်ဆိုင်ရာအုပ်စု အသီးသီးမှာ အခြေအနေ မကောင်းကြသေးတဲ့ အသင်းတွေအဖို့ အုပ်စုအဆင့်ကနေပြီး နောက်တစ်ဆင့် တက်ရောက်နိုင်ခွင့်ရဖို့ လုပ်ရတော့မယ့် အရေးတကြီးကာလရောက်လာပြီဆိုတော့ ပြိုင်ဘက်တွေကို အခုပွဲစဉ်မှာ အမှားမခံစတမ်း ကစားကြပြီဖြစ်ပါတယ်။ ချန်ပီယံလိဂ် အုပ်စုအဆင့်ရဲ့ ပွဲစဉ်(၄) ပထမနေ့ရက်မှာ မီလန်နဲ့ ရီးရဲ၊ မန်ယူနဲ့ CSKA မော်စကို၊ အက်သလက်တီကိုနဲ့ ချယ်လ်ဆီး၊ မက္ကာဘီဟိုင်ဖာနဲ့ ဂျူဗင်းတပ်စ် စတဲ့ပွဲတွေဟာ အတော်လေးကို အကြိတ်အနယ်နဲ့ ကြည့်လို့ကောင်းမယ့်ပုံမှာ ရှိနေပါတယ်။

အုပ်စု (က)

မက္ကာဘီဟိုင်ဖာ-ဂျူဗင်းတပ်စ်

မက္ကာဘီဟိုင်ဖာဟာ ပထမအကျော့မှာ ဂျူဗင်းတပ်စ်ကို(၂-၁)နဲ့ အရေးနိမ့်ထားတဲ့အသင်းပါ။ အခုအိမ်ကွင်းမှာ ပြန်ကစားရမှာဆိုတော့ ဂျူဗင်းတပ်စ်လို အသင်းမျိုးကို မက္ကာဘီဟိုင်ဖာဟာ အိမ်ကွင်းပရိသတ်အားယူပြီး ကစားပြသွားနိုင်တာမို့ အီတလီ ကလပ်အဖို့ ပြန်လည်သတိထားရပါမယ်။ အိမ်ရှင်မှာက ဒူထရာ ပွဲပယ်ခံထားရတာကြောင့် ကစားအား အနည်းငယ်ကျနိုင်တယ်။ ဂျူဗင်းတပ်စ်မှာလည်း အယ်ကွင်းတားကြွဲခိုင်မှုမပြည့်ဝတော့ ရှိတဲ့ကစားသမားတွေနဲ့ပဲ ပွဲထွက်ရမယ့်ပုံပါ။ ဒါကြောင့် အိမ်ရှင်ကိုထိန်းပြီး ညှော့သည်အသင်းက

ဘိုင်ယန်ကွင်းလယ်မှ ရော်ဘင်။

ကစားသွားမှာ ဖြစ်နေသလို ဒီယေဂို၊ တီယာဂို၊ ဒယ်ပီယာရိုနဲ့ ချီယယ်လီနီတို့လို ကစားအား ကောင်းသူတွေနဲ့

မန်ချက်စတာယူနိုက်တက်အသင်းမှ ရွန်နေ။

တန်ပြန်တိုက်စစ်ကနေတစ်ဆင့် ဂိုးရယူဖို့ပဲ ဂျူဗင်းတပ်စ် လုပ်နိုင်ပါတယ်။ နောက်ကကပ်လိုက်နေတဲ့ ဘိုင်ယန်ရဲ့ရန်ကို ကြောက်လို့ အခုပွဲမှာ ဂျူဗင်းတပ်စ်ဟာ တန်ပြန်တိုက်စစ်နဲ့ ကစားပြီး နောက်ဆုံးမှာ အနိုင်ရအောင် လုပ်ပြသွားဖို့ရှိပါတယ်။

ဘိုင်ယန်မြူးနစ်-ဘော်ဒိုး

ပထမအကျော့မှာ ဘိုင်ယန်ရှုံးထားတယ်။ မူလာနဲ့ ဗန်ဘိုင်တန်လဲ ပွဲပယ်ခံထားရတယ်။ ဒါကြောင့် ရော်ဘင်ပြန်ပါလာပေမယ့် လူမစုံတာမို့ ဘိုင်ယန်မလွယ်ဘူး။ အိမ်ရှင်ဖြစ်နေလို့ အခွင့်အရေးတချို့ ရထားတာနဲ့ပဲ ညှော့သည်ကို အနိုင်ရအောင် လုပ်ယူရမှာပါ။ ညှော့သည်က ခံစစ်နဲ့ပဲ ကစားဖို့များနေတယ်။ ဘော်ဒိုးရဲ့ခံစစ်ဟာ ရော်ဘင်နဲ့ ရစ်ဘာရီသာ ဖိဖိစီးစီးနဲ့ ထိုးဖောက်ရင် ဂိုးရအောင်ယူဖို့ မခက်ဘူး။ ကလိုဆေး၊ ဂိုမက်ဇ်တို့ရဲ့ အားကလည်း ရှိနေတော့ ဘိုင်ယန်ဟာအိမ်ကွင်းမှာ အနိုင်ရလိုစိတ်နဲ့ တကယ် ဖိအားပေးမယ်ဆိုရင် ပထမအကျော့ကအရှုံးကြွေးကို ပြန်ဆပ်ဖို့က သေချာနေပါပြီ။ ဘိုင်ယန်ကပဲ အလေးသာပါတယ်။

အုပ်စု(ခ)

မန်ယူ-CSKA မော်စကို

မန်ယူဟာအခုပွဲမှာ အနိုင်ရလိုက်တာနဲ့ နောက်တစ်ဆင့်ကို အုပ်စုဗိုလ်အဖြစ်နဲ့ သက်သောင့်သက်သာ လျှောက်လှမ်းနိုင်မှာဆိုတော့ အိမ်ကွင်းမှာ လူစုံထုတ်သုံးပြီး ရုရှားကလပ်ကို အနိုင်ရအောင် ကစားမှာပါ။ ဒါကြောင့် CSKA အဖို့တော့ မန်ယူမြေပေါ်မှာ ခြေအသာရဖို့ ဆိုတာထက် ပေးဂိုး မရှိအောင်သာ ကစားပြရမယ့် အနေအထားဖြစ်နေတယ်။ CSKA ဟာ အဝေးကွင်းမှာဆိုရင် ကစားအားက သိပ်အကောင်းချည်းမဟုတ်တော့ မန်ယူရဲ့ ထိုးဖောက်မှုကို ခံရနိုင်ပါတယ်။ မန်ယူရဲ့ လတ်တလော အနေအထားအရ ခံစစ်နဲ့ တိုက်စစ်ပိုင်းမှာ လိုအပ်ချက်တွေရှိနေသေးတယ်ဆိုပေမယ့် ဖာဂူဆန်ကတော့ သူ့အသင်းကို နောက်တစ်ဆင့် ရောက်အောင် သွားဖို့စီစဉ်မှာပါ။ ပထမအကျော့ကလိုလည်း သိပ်ပြီးကစားရခက်မှာမဟုတ်ဘူး။ ပထမအကျော့က နိုင်ထားတဲ့ ၁-၀ ရလဒ်ထက် ပိုတဲ့အဖြေမျိုးထွက်အောင် မန်ယူလုပ်ပြပြီး အနိုင်ယူမှာသေချာပါတယ်။

ဘက်ရှီးတပ်-ဝုလ်ဖ်ဘတ်

ဘက်ရှီးတပ်ကလည်း ဝုလ်ဖ်ဘတ်လိုပဲ နောက်တစ်ဆင့်ရောက်နိုင်ခွင့် မျှော်လင့်နိုင်တာကြောင့် အိမ်ကွင်းမှာ တူရကီကလပ်ဟာ တရစပ်ဖိအားပေးနိုင်တယ်။ ဝုလ်ဖ်ဘတ်မှာက ဂရာဖီတီ ပွဲပယ်ခံထားရလို့ တိုက်စစ်အား လျော့နိုင်တယ်။

အေစီမီလန်အသင်းတိုက်စစ်မှူးပါတို။

ကျန်တဲ့တိုက်စစ်မှူး ဒီဇီကိုနဲ့သာ ပွဲထွက်ရမှာဆိုတော့ ဝုလ်ဖ်ဘတ်ဟာ တန်ပြန်တိုက်စစ်ပဲ အားကိုးကစားမယ့် သဘောရှိတယ်။ ဒါကြောင့် အခုပွဲစဉ်မှာ ပထမအကျော့ကလိုပဲ အိမ်ရှင်ခြေသာပြီး ဂိုးသွင်းလို့မရတဲ့ပွဲစဉ်လို ဖြစ်နိုင်တယ်။ ဒါကြောင့် ဒီပွဲကို သရေလို့ပဲ မှန်းထားချင်ပါတယ်။

အုပ်စု (ဂ)

မာဆေး-ဇူးရစ်

ပထမအကျော့မှာ မာဆေးကို ဇူးရစ်က ၂-၀ နဲ့ ရှုံးထားတယ်။ မာဆေးမှာ ဘွန်နက် ပွဲပယ်ခံထားရတယ်။ မာဆေးနဲ့ ဇူးရစ်ဟာ ရမှတ်လည်းတူနေတယ်။ ဒီတော့ အထက်ကမီလန်နဲ့ ရီးရဲနောက်လိုက်ဖို့ဟာ အသက်ရှိနေသေးလို့ အိမ်ရှင်မာဆေး လူစုံမပါတာတောင် ဇူးရစ်ကိုအနိုင်ရအောင် ကစားသွားနိုင်တယ်။ ဇူးရစ်ဟာ မာဆေးလောက်လည်း မရန်းကန်နိုင်တော့ အိမ်ရှင်ကသာ တကယ်အားစိုက်ပြီး ဖိအားပေးမယ်ဆိုရင် ဇူးရစ်အနေနဲ့ ဘယ်လိုမှ ထိန်းချုပ်လို့ရမယ်မထင်မိဘူး။ ဟိန်နီ၊ ဘရန်ဒါအိုတို့လို ကစားသမားတွေကပါ ဂိုးသွင်းသပ်ရပ်နေလို့ မာဆေးအတွက် အခုပွဲစဉ်ဟာ အနိုင်ရအောင် ကစားနိုင်ဖို့ သေချာနေပါပြီ။

အေစီမီလန်-ရီးရဲမက်ဒရစ်

ပထမအကျော့မှာ ရီးရဲက ၂-၃ နဲ့ မီလန်ကို ရှုံးနိမ့်ထားတယ်။ ဒီတစ်ခါတော့ ရီးရဲအနေနဲ့ အဝေးကွင်းမှာ မီလန်ဆီက အနိုင်သုံးမှတ် ပြန်လုယူဖို့ဟာ မလွယ်လှဘူး။ ဒါပေမယ့် မီလန်မှာ နက်စ်တာ ဒဏ်ရာရနေသလို အွန်ယီဂူကလည်း ကြွံခိုင်မှုမပြည့်သေးဘူး။ ထုံးစံအတိုင်းပီယာလို၊ ဆီးဒေါ့ဖ်တို့နဲ့ပဲ ရီးရဲကိုယှဉ်ရမှာပါ။ ရီးရဲမှာက စီရိုနယ်ဒို ပြန်ပါဖို့မသေချာပါဘူး။ ပါတိုကိုလည်း အလွတ်ပေးတော့မှာမဟုတ်လို့ ဒီတစ်ခါမှာ မီလန်တိုက်စစ် အိမ်ကွင်းမှာ အနည်းငယ်ကျ သွားနိုင်တယ်။ နှစ်သင်းစလုံးကလည်း အမှတ်လိုနေတော့ အရှုံးအနိုင်ကွဲပြားအောင် လုပ်မှာပါ။ ရော်နယ်ဒင်ဟိုနဲ့ ကာကာတို့ရဲ့ အားပြိုင်ပွဲကတော့ စိတ်ဝင်စားစရာပါ။ အခုပွဲဟာ ပထမအကျော့ကလို အကြိတ်အနယ် ကစားပြီး မီလန်ကို ရီးရဲ ကပ်ပြီးပြန်နိုင်မယ့် ပွဲပါ။

ချယ်လ်ဆီးအသင်းမှ တိုက်စစ်မှူးဒရော့ဘာ။



အက်သလက်တီကို အသင်း တိုက်စစ်မှူး ဖော်လန်။

အုပ်စု (ဃ)

အက်သလက်တီကို-ချယ်လ်ဆီး

ချယ်လ်ဆီးကတော့ လူပြန်စုံလာလို့ ကစားအား ပြန်ငြိမ်လာပါတယ်။ ဒါကြောင့် အိမ်ရှင်ကို တန်ပြန်တိုက်စစ်နဲ့ အခက်တွေ့အောင် လုပ်နိုင်ပါသေးတယ်။ ဘာကြောင့်လဲဆိုတော့ နည်းပြသစ် ဖလောရက်စ် လက်ထဲမှာ အသားကျမှု သိပ်မရှိသေးတဲ့ အတွက်ကြောင့်ပါ။ ဖလောရက်စ်ဟာ နည်းပြကောင်းတစ်ယောက် ဆိုပေမယ့် ချယ်လ်ဆီးကို အနိုင်ရလောက်တဲ့အထိ စွမ်းဆောင်နိုင်မယ်မထင်ဘူး။ ဒါကလည်း သူတို့ရဲ့ ခံစစ်ကို မယုံလို့ပါ။ ခံစစ် အမှားများရင် ဒရော့ဘာတို့ကို ရှုံးတောင်သွားနိုင်ပါသေးတယ်။ ဒါကြောင့် အိမ်ရှင်အနေနဲ့ ချယ်လ်ဆီးကို သရေရအောင်တောင် ကစားရခက်မှာ ဖြစ်နေလို့ ချယ်လ်ဆီးပဲ သုံးမှတ်ရသွားမှာပါပဲ။

နီကိုးရှား-ပေါ်တို

ပေါ်တိုအနေနဲ့ကတော့ နီကိုးရှားမြေပေါ်မှာ ပထမအကျော့ကလို ကစားရလွယ်မယ် မထင်မိဘူး။ ဘာကြောင့်လဲဆိုရင် နီကိုးရှားဟာ အိမ်ကွင်းမာလို့ပါ။ အိမ်ခံပရိသတ် အားကလည်း ကောင်းတော့ နီကိုးရှားဟာ ပေါ်တိုကို အသာရအောင် အားထည့် ကစားသွားနိုင်ပါသေးတယ်။ သိက္ခာအတွက်လဲ အရေးပါနေတော့ နီကိုးရှားဟာ မရမက သရေရအောင်ကစားသွားဖို့ ရှိနေတဲ့ပွဲပါပဲ။ ။

(မြန်မာ့အလင်း)

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ပုသိမ်မြို့၊ ကမ်းနားလမ်း၊ အမှတ် (၇၄) နေ
ဦးစိုင်း-ဒေါ်ရှူကွီ
(ရွှေစံကောင်းရတနာရွှေဆိုင်+စတိုး၊ ရွှေချိန်ခွင်ဆားစက်၊ ဆီစက်၊ ရေခဲစက်)
တို့၏ သားထွေး

မောင်ထင်ကျော်
B.Sc (Maths) E.G.T.C (Mechanical Power)
နှင့်

ပုသိမ်မြို့၊ ကမ်းနားလမ်း၊ အမှတ် (၉၃၄) နေ
ဦးသိန်းနိုင်-ဒေါ်စန်းမြင့် (မိဘမေတ္တာဆားစက်၊ ရေခဲစက်)တို့၏ သမီးကြီး

မနွယ်နီနိုင်
B.C.Sc

တို့၏ ၂၅-၁၀-၂၀၀၉ရက်တွင် ပုသိမ်မြို့ ''ဘုန်းရှင်ဘုရားကျောင်း'' မင်္ဂလာခန်းမ၌ ကျင်းပသော မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်၍ မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းပေးပါသော အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့်ဇနီး ဒေါ်ဝင်းဝင်းမော်၊ ကြွရောက်ချီးမြှင့်ပေးပါသော ဗိုလ်မှူးချုပ်ဇင်ယော်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများနှင့်ဇနီးများ၊ တိုင်းအဆင့် ဌာနဆိုင်ရာ လူကြီးများ၊ ဘုံကျောင်းအသီးသီးမှ လူကြီးများ၊ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော ဘုန်းရှင် ဘုရားကျောင်းဂေါပကအဖွဲ့ လူကြီးများ၊ လူငယ်အဖွဲ့များနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သော မိဘများနှင့် မောင်ထင်ကျော်-မနွယ်နီနိုင်။

ငွေရတုမင်္ဂလာ ဆုတောင်း

၂-၁၁-၂၀၀၉ရက်တွင် ကျရောက်သော ချစ်ပါပါးနှင့် မေမေတို့၏ (၂၅)နှစ်မြောက် ငွေရတုမင်္ဂလာမှ နောင်နှစ်ပေါင်းများစွာ ရွှေရတု၊ ပတ္တမြားရတုများတိုင်အောင် ချစ်တဲ့သားသားများနှင့်အတူ လိုအင်ဆန္ဒများ ပြည့်ဝလျက် ပျော်ရွှင်ချမ်းမြေ့စွာ ဖြတ်ကျော်နိုင်ပါစေ-

ချစ်သားသားကြီး - ဖောင်းဖောင်း(ခ)ဒေါက်တာမင်းအောင်ခန့်၊ မအူပင်ဆေးရုံ
ချစ်သားသားလေး - ညီထွားဝက်ဝံပေါက်(ခ)ဝေဖြိုးလင်း၊ ခေတ္တ-ဩစတြေးလျ
ချစ်သားငယ် - ဂျမ်ဘို(ခ)မျိုးမင်းသန့်၊ 1st year, Law ဒဂုံတက္ကသိုလ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
ဝန်ကြီးရုံး
တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနှင့်သက်မွေးပညာဦးစီးဌာန လက်အောက်ရှိ နည်းပညာတက္ကသိုလ်(ကျောက်ဆည်)၏ ပင်မသုံးထပ် စာသင်ဆောင်အသစ် အဆောက်အအုံကို ဆောက်လုပ်နိုင်ရန်အတွက် ချိပ်ပိတ်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါတင်သွင်းသူသည် ဆောက်လုပ်ပေးနိုင်မည့် တန်ဖိုးကို (B.Q) နှင့်တကွ ပူးတွဲတင်ပြရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။ တင်ဒါရွေးချယ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်သည်သာ အတည်ဖြစ်သည်။

၃။ နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက်များရှိပါက သက်ဆိုင်ရာ နည်းပညာတက္ကသိုလ်မှ အကူအညီရယူနိုင်ပါသည်။

၄။ တင်ဒါပုံစံများကို ၃-၁၁-၂၀၀၉ရက်မှ စတင်ရောင်းချမည်ဖြစ်ပြီး ချိပ်ပိတ်တင်ဒါများကို ၃-၁၂-၂၀၀၉ရက် နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်သည်။

၅။ တင်ဒါတင်သွင်းသူသည် တင်ဒါစည်းကမ်းချက်များ၊ တင်ဒါပုံစံနှင့် တင်ဒါတင်သွင်းသူမှ လိုက်နာရန် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာများတွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဒုတိယညွှန်ကြားရေးမှူးချုပ်
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန၊ ရန်ကုန်၊ ဖုန်း-၀၁-၅၅၅၈၂၄၊ ၀၁-၅၄၄၉၄၈၊
B.Q စစ်ဆေးရေးအဖွဲ့၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ရုံးအမှတ် ၂၁၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၄၁၈၁၊ ၀၆၇-၄၀၄၄၅၉၊
နည်းပညာတက္ကသိုလ်(ကျောက်ဆည်)၊ ကျောက်ဆည်မြို့၊ ဖုန်း-၀၆၆-၅၀၄၁၈၊ ၀၆၆-၅၀၄၄၇၊ ၀၆၆-၅၀၅၅၇။

လက်ထပ်ပြီးစီးခြင်း

ပြင်ဦးလွင်မြို့နယ်၊ ဇီးပင်ကြီးကျေးရွာနေ
ဦးမြင့်အောင်-ဒေါ်အေးအေးတို့၏ သားထွေး

ဗိုလ်ကြီးကျော်ဇေယျ
B.Sc (Chemistry) (D.S.A)
နှင့်
ကရင်ပြည်နယ်၊ မြိုင်ကလေး၊ ရပ်ကွက်သစ်နေ
ဦးချစ်မြိုင်-ဒေါ်ချိုချိုမာတို့၏သမီး

မချစ်သန္တာထွန်း
B.C.Sc (Hons)

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူညီမှုဖြင့် ၁-၁၁-၂၀၀၉ ရက်တွင် သံလွင်ခန်းမ၊ တန်(၈၀၀) ဘိလပ်မြေစက်ရုံ မြိုင်ကလေး၌ လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးကျော်ဇေယျ-မချစ်သန္တာထွန်း။

မွေးနေ့ဆုတောင်း

ချစ်ဖေဖေကြီး **ဦးငွေထွဏ်း** ၏ ၂-၁၁-၂၀၀၉ ရက်တွင် ကျရောက်သော နှစ်(၅၀)ပြည့် မွေးနေ့မှသည် နှစ်ပေါင်း ၁၂၀ တိုင်အောင် ချစ်သောမိသားစုနှင့်အတူ လက်တွဲပြီး သာသနာအကျိုး ဆတက်ထမ်းပိုး ရွက်ဆောင်နိုင်ပါစေကြောင်းနှင့် ဘဝတစ်လျှောက်လုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများ ပြည့်စုံပါစေကြောင်း မွေးနေ့ဆုမွန်ကောင်း တောင်းအပ်ပါသည်-

ချစ်ဇနီး - ရွှေနိုင်
သမီး - ဖုံဖုံ၊ အိအိ
သား - ကစ်ကစ်။

အဲယားကွန်း

အဟောင်း/အကောင်းဝယ်သည်။

ဖုန်း-၀၁-၅၄၈၂၀၉။

ကြက်တောင် ဒိုင်လူကြီးသင်တန်း

ရန်ကုန် နိုဝင်ဘာ ၁

(၄၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ကြက်တောင်ပြိုင်ပွဲနှင့် ဒသမအကြိမ် ဂရိတ်ဝေါ အမျိုးသား တံခွန်စိုက် ကြက်တောင်ပြိုင်ပွဲတို့တွင် တာဝန်ထမ်းဆောင်ရန် မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်မှ ကြီးမှူး၍ ဥပဒေရေးရာနှင့် ဒိုင်လူကြီးသင်တန်းကို နိုဝင်ဘာ ၇ရက် မွန်းလွဲ ၂ နာရီမှ စ၍ (အပတ်စဉ် စနေ၊တနင်္ဂနွေနေ့) များတွင် ဖွင့်လှစ်ပို့ချမည် ဖြစ်ရာ တက်ရောက်လိုသော ကြက်တောင်ဝါသနာရှင်များ၊ မြန်မာနိုင်ငံ ကြက်တောင် အဖွဲ့ချုပ်ရုံးခန်း ဖုန်း-၀၁-၂၂၁၄၉၆ သို့ ဆက်သွယ်စာရင်း ပေးသွင်းနိုင်ကြောင်း သိရသည်။

(ကြက်တောင်အဖွဲ့ချုပ်)

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံရေးသား၍နိုင်ငံသားစိစစ်ရေးကတ်မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

ရှမ်းကုန်းလမ်း ထရန်စဖော်မာရှေ့မှ ဝက်သားဆိုင်ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

မြေနီကုန်း ရှမ်းကုန်းလမ်းရှိ ထရန်စဖော်မာရှေ့တွင် ရောင်းချနေသော ဝက်သားဆိုင်တစ်ဆိုင်သည် ထရန်စဖော်မာအား ပိတ်ဆို့ရောင်းချခြင်း၊ ကားလမ်းပေါ်သို့ ကျူးကျော်နေခြင်း၊ ရောင်းချ၍ ကျန်ရှိသောဝက်ရိုးများအား စည်းကမ်းမဲ့စွာ စွန့်ပစ်ခြင်းကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းကာ ကားအသွားအလာများကို အဟန့်အတားဖြစ်စေသဖြင့် အဆိုပါဝက်သားဆိုင်အား ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ရှမ်းကုန်းလမ်းသား

ဘွိုင်လာ စက်သံကြောင့် ပတ်ဝန်းကျင် ကျန်းမာရေးထိခိုက်နေ

စာတည်းခင်ဗျား-

စစ်ကိုင်းတိုင်း ကလေးမြို့ ညောင်ပင်သာရပ်ကွက် နယ်မြေ(၉)ရှိ ဘွိုင်လာဆန်စက်သည် နေ့ရောညပါ လည်ပတ်နေရာ အမြဲအသံဆူညံနေခြင်း၊ ဘွိုင်လာမှ ထွက်လာသော ဂက်(စ်)အနံ့ကြောင့် ပတ်ဝန်းကျင်နေသူများ အသက်ရှူကျပ်ခြင်း၊ စက်မှထွက်လာသောစပါးခွံဖွဲခေါင်းများ ဘေးပတ်ဝန်းကျင်တွင် ပျံ့လွင့်နေသဖြင့် ကလေးသူငယ်များ ယားယံပြီး ကျန်းမာရေးထိခိုက်ခြင်းများ ဖြစ်ပေါ်နေပါ၍ စိစစ်ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

ကျန်းမာရေးထိခိုက်နေသူများ

အနံ့ဆိုးများကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

စစ်တွေမြို့ ကျောင်းတက်လမ်း ရပ်ကွက် မင်းဘာကြီးလမ်းနှင့် ဦးအောင်ထွန်းဦးလမ်းကြားရှိ ပတ္တမြားဆီစက်မှ ထွက်သော မီးခိုးနှင့်ညှော်နံ့များ အကာအရံမဲ့ထွက်နေပြီး ၎င်းဆီစက်မှထွက်သော အနံ့အသက်များကို ပတ်ဝန်းကျင်နေထိုင်သူများ ရှူရှိုက်နေရပါသောကြောင့် ကျန်းမာရေး ထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ အရေးယူဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်ပြည်သူများ

ကော်စေ့လုပ်ငန်းအနံ့ဆိုးနှင့် စက်ဆူညံသံများကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ပုလဲသစ် (၃)ရပ်ကွက် အမှတ်(၃)လမ်းမနှင့် ခရေလမ်းထောင့် အမှတ် ၅၀၃/၅၀၄ ရှိ ပလတ်စတစ်ကော်စေ့ ထုတ်လုပ်ရေးစက်ရုံမှ ကော်နံ့ဆိုးများနှင့် စက်ဆူညံသံများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ စိတ်အနှောင့်အယှက် ဖြစ်ရပါသဖြင့် သင့်လျော်ရာသို့ ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ကော်နံ့ဆိုးနှင့်ဆူညံသံ မခံနိုင်သူများ

လိုင်စင်မဲ့ အရက်ဆိုင်အား ရပ်ကွက်အတွင်းမှ ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

ဟိုပင်မြို့ မြဇေယျာရပ်ကွက် အောင်သီရိ ရပ်ရှင်ရုံဟောင်းအတွင်းရှိ အရက်ဆိုင်သည် နေ့စဉ် ညဦးပိုင်းမှ နံနက် ၂နာရီကျော်အထိ ဖွင့်လှစ်ရောင်းချနေရာ ယင်းဆိုင်မှ ဆူညံသံများကြောင့် ပတ်ဝန်းကျင်နေသူများ အိပ်ရေးပျက်ကြရပါသောကြောင့် ယင်း စည်းကမ်းမဲ့အရက်ဆိုင်အား ရပ်ကွက်အတွင်းမှ ဖယ်ရှားပေးရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သားတစ်ဦး

အမှိုက်ပုံများ ရှင်းလင်းပေးပါ

စာတည်းခင်ဗျား-

ပဲခူးမြို့ ရှင်စောပုရပ်ကွက် ဆိုရှယ်လစ်(၂)လမ်း အရှေ့ဘက်လမ်းအဆုံးနှင့် ကမ္ဘာ့ဇသာဒီနန်းတော် အုတ်တံတိုင်းထောင့်တွင် ရပ်ကွက်အသီးသီးမှ အမှိုက်များလာရောက်စုပုံကြသဖြင့် ပတ်ဝန်းကျင်ညစ်ညမ်းပြီး ကျန်းမာရေး ထိခိုက်နိုင်ပါသောကြောင့် သက်ဆိုင်ရာမှ စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူလမ်းသားများ

လမ်းပေါ်ကျူးကျော်ဆိုင်များ ဖယ်ရှားပေးစေလို

စာတည်းခင်ဗျား-

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ရွှေဘုန်းရှိန် ၅၁၇/က ရပ်ကွက်အတွင်း ရပ်ကွက်ပြည်သူများ ထည့်ဝင်ငွေဖြင့် ခင်းထားသော လမ်းပေါ်တွင် ဈေးဆိုင်များ၊ ဆိုင်ကယ်ဝပ်ရှော့နှင့် အခြားလုပ်ငန်းများသည် လမ်းထက်ဝက်ခန့်ပိတ်ဆို့၍ စီးပွားရေးလုပ်ကိုင်လျက်ရှိကြပါသဖြင့် လမ်းကျဉ်းတွင်မကြာခဏယာဉ်တိုက်ခိုက်မှုဖြစ်နေပါ၍ လမ်းပေါ်ကျူးကျော်နေခြင်းများအား ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

မဟာအောင်မြေသား

ဘီအမ်ကားများ ဂိတ်မှစတင်ပြေးဆွဲပေးစေချင်

စာတည်းရှင့်-

ဒဂုံမြို့သစ်(မြောက်ပိုင်း)နှင့် ဆူးလေသို့ ပြေးဆွဲနေသော ဘီအမ်ကားများသည် ရုံးဆင်းချိန် ညနေ ၄ နာရီမှ ၆ နာရီအထိသာ ဗန္ဓုလပန်းခြံဘေးဂိတ်သို့ ဝင်ရောက်ပါသည်။ နံနက်ပိုင်းရုံးတက်ချိန်တွင် ပန်းခြံဘေးသို့ ဂိတ်မထိုးဘဲ ဆူးလေဘုရားကိုသာပတ်၍ ဒဂုံမြို့သစ်သို့ပြန်ထွက်ပါသဖြင့် ပန်းဆိုးတန်းအောက်လမ်းဘက်မှ ဝန်ထမ်းများနှင့် ခရီးသည်များ အခက်တွေ့နေပါသောကြောင့် လိုအပ်သလို စီစဉ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ဒဂုံမြို့သစ်သား

ကြက်စာအစိုညှော်နံ့ ရှင်းလင်းဆောင်ရွက်ပြီး

၂၈-၉-၂၀၀၉ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ရခိုင်ပြည်နယ် သံတွဲမြို့ (၁၃)ရပ်ကွက် အုန်းဆံကြီးစက်လမ်း ကြက်စာအစိုများ မီးသွေးမီးဖြင့် အခြောက်ခံသော အလုပ်ရုံမှ ထွက်ရှိသည့် အညှော်နံ့ကြောင့် ပတ်ဝန်းကျင်မှ ပြည်သူများ ကျန်းမာရေးထိခိုက်** ပေးစာနှင့် ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးစီးကြောင်း တင်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

ဝက်ခြံမှအနံ့ဆိုး ဖြေရှင်းဆောင်ရွက်ပြီး

၂၈-၉-၂၀၀၉ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **မြောင်းမြမြို့ အမှတ်(၈)ရပ်ကွက် နတ်စင်လမ်း နတ်စင်ကြီးအနီးရှိ အိမ်တွင်မွေးမြူထားသည့် ဝက်ခြံမှ အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင် နေထိုင်သူများ ကျန်းမာရေးထိခိုက်ရ** ပေးစာနှင့် ပတ်သက်၍ သက်ဆိုင်ရာမှ ဖြေရှင်းဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

✳ VOA, BBC - ရန်တိုက်ပေးနေသည်။

✳ RFA, DVB - သွေးထိုးနေသည်။

✳ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။

✳ နားမယောင်လေနဲ့ သတိထား။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တက်ရောက်မိန့်ခွန်းပြောကြား၊ ဆုရရှိကြသူများအားဆုများပေးအပ်ချီးမြှင့်

နေပြည်တော် နိုဝင်ဘာ ၁

(၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉နာရီက နေပြည်တော် မြို့တော်ခန်းမ၌ ကျင်းပရာ (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တက်ရောက်၍ မိန့်ခွန်းပြောကြားပြီး ပြိုင်ပွဲ၌ ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

တက်ရောက်

အဆိုပါ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်နှင့် ဒုတိယဗိုလ်ချုပ်ကြီးအုန်းမြင့်၊ (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီ အတွင်းရေးမှူးများနှင့် စာမျက်နှာ ၈ ကော်လံ ၁ ✳

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ
သတင်းစာသုံးမျိုးကို ဒေသအသီးသီးရှိ
သတင်းစာကိုယ်စားလှယ်များထံသို့
တစ်စောင်လျှင် ကျပ် ၅၀ နှုန်းဖြင့်
အရောက်ပို့ဆောင်ပေးလျက်ရှိပါသည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

(၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး အဆိုအကဲဖြတ်ပညာရှင်များကိုယ်စား အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်မြအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

2-11 (20).pmd 1 11/2/2009, 1:33 AM